# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၀)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်၊ ၈-၁၂-၂၀၂၄၊ တနင်္ဂနွေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

# အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေး

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲ ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ရွှေကြာပင်အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို ရမှတ် (၆၇-၆၆) မှတ်ဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရှမ်းပြည်နယ်အသင်း၊ ဒုတိယဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ တတိယဆုကို ကချင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၂၀)နှစ်အောက် ဘော်လီဘောပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစား

စာမျက်နှာ ၅ သို့ ❖




ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများတွင် အားကစားဝါသနာရှင်များ အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်း ခြောက်မျိုး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း၂၃ မျိုးဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားဥယျာဉ်အတွင်းရှိ အားကစားကွင်း/အားကစားရုံများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အားကစားကွင်း/အားကစားရုံ(ရွှေကြာပင်)၊ ပေါင်းလောင်းအားကစားကွင်း၊ နေပြည်တော်လေ့ကျင့်ရေးကွင်း(၂)(လယ်ဝေး)၊ လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် ပျဉ်းမနားမြို့ ဘောဂဝတီအားကစားကွင်းတို့တွင် ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲအသီးသီးသို့ ကြည့်ရှုအားပေးလိုသော အားကစားဝါသနာရှင် ပြည်သူများအနေဖြင့် ဝဏ္ဏသိဒ္ဓိအားကစားကွင်းဂိတ်(၃)တွင်လည်းကောင်း၊ ပြိုင်ပွဲကွင်း/ရုံအသီးသီး ဝင်ပေါက်ဂိတ်များတွင်လည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ယာဉ်မောင်းလိုင်စင်ဖြင့် ယာယီဝင်ထွက်ကတ်ပြားများကိုလဲလှယ်၍ အခမဲ့ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

သတင်းစဉ်


**ယနေ့ ဖတ်စရာအညွှန်း**

စောစောနိုးထ လမ်းလျှောက်ကြပါစို့ (ဆောင်းပါး)

စာမျက်နှာ ၁၀

စီရော်နယ်လ်ဒို အယ်လ်နာဆာအသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၈၀ ပြည့်မြောက်

စာမျက်နှာ ၁၁

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက် ၊ တနင်္လာနေ့ ။

မန္တလေး နေ့စဉ်

## ဆောင်းရာသီ သဘာဝအလှတရားများ

ဆောင်းရာသီ၏ စေတမန် နှင်းဆောင်း၏အဖော်မွန်က မြောက်ပြန်လေအေးအေးပင်ဖြစ်သည်။ မြူနှင်းများကြောင့် ပတ်ဝန်းကျင်တစ်ခွင်လုံး ဝိုးတဝါးဖြစ်ရသည်။ ငွေရောင်အဆင်းရှိသော နှင်းရည်များကလည်း တစ်စက်ချင်းကျနေသည်မှာ လောကကြီးတစ်ခုလုံး အေးချမ်းလျက်ရှိသည်။ ဆောင်းရာသီ၏ ဂီတသံဖြစ်သော ဆီးနှင်းသံ တစ်ဖြောက်ဖြောက်ကလည်း နားဝင်ချိုလှသည်။ ဆောင်းရာသီသည် သာယာလှပသော ပန်းချီကားချပ်သဖွယ် ရှုမငြီးဖြစ်ရလေသည်။

ထို့ပြင် ဆောင်းရာသီတွင် မြစ်ပြင်ကျယ်များ၌ မြူမှုန်လွှာပါးပါးလေးဖြင့် လွှမ်းခြုံနေသည့် မြင်ကွင်းကလည်း အမြင်တစ်မျိုးဆန်းကြယ်လျက်ရှိသည်။ မြစ်ပြင်တစ်ဝိုက်တွင်လည်း အရဏ်ဦး၏ လေနုအေးက လှိုင်းကြက်ခွပ်များသဖွယ် ဖြစ်ပေါ်လျက်ရှိသည်။ မြစ်ပြင်ကို အဝေးမှကြည့်လိုက်လျှင် ရေပြင်ကျယ်နှင့် မြူနှင်းတို့၏ အားပြိုင်နေမှုက အမြင်ကို သဲကွဲစွာ မတွေ့ရပါ။ ရေပြင်တွင် လှိုင်းကလေးများ ကခုန်ကာ ပျောက်သွားလိုက် ပေါ်လာလိုက်ဖြင့် နှစ်သက်စဖွယ်ဖြစ်နေသည်။ အမြင်အရဏ်ထူးလှသည့် ဆောင်းရာသီ၏သဘာဝအလှတရားပင်ဖြစ်သည်။ ဆောင်းရာသီ၌ လယ်ကွင်းများကို ကြည့်လိုက်လျှင် စပါးရွှေဝါတို့ ဝေဖြာမှည့်ဝင်းနေကြသည့် အမြင်က ရိုးအီသွားခြင်းမရှိပါ။ အချို့ရိတ်သိမ်းပြီးစ ကောက်ပုံလေးများကလည်း လယ်ကွင်းပြင်၌ ရွှေတောင်ကြီးပေါက်သကဲ့သို့ မို့မောက်လျက်ရှိသည်။

ဆောင်းရာသီတွင် သဇင်ပန်း၊ ပေါက်လဲပန်း၊ ခဝဲပန်း၊ ခွာညိုပန်း စသောရာသီပန်းတို့ကလည်း နှင်းရည်များကို သောက်သုံးကာ ပွင့်လန်းလျက်ရှိသည်။ တော်ဝင်ပန်းဖြစ်သော သဇင်ပန်းသည် ဆောင်းရာသီ၏ ကျက်သရေကို တင့်တယ်ဝေဆာလျက်ရှိသည်။ ဆောင်းရာသီသည် တန်ဆောင်မုန်းမှ တပို့တွဲအထိ ကာလဖြစ်သည်။ အတိအကျဆိုပါက တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့မှ တပို့တွဲလပြည့်နေ့အထိ ဖြစ်သည်။

ဆောင်းရာသီ၏ အလှဆုံးလမှာ ပြာသိုလပင်ဖြစ်သည်။ ပြာသိုလတွင် ရှေးက မြင်းခင်းသဘင်ပွဲများကို ကျင်းပခဲ့ကြသည်။ ဆောင်းရာသီ၌ ကျင်းပလေ့ရှိသော ထမနဲထိုးပွဲများကိုလည်း ယနေ့တိုင် တွေ့နိုင်သေးသည်။ မြန်မာတို့၏ စုပေါင်းဆောင်ရွက်လိုသော စည်းလုံးညီညာသည့် စိတ်အခြေခံကောင်းများကို ပြသနေသည့်ပွဲဟုလည်း ဆိုရမည်ဖြစ်သည်။

ဆောင်းရာသီအလှတရားများထဲတွင် မြူနှင်းမှုန်များကြား၌ လမ်းလျှောက်ရသည်မှာလည်း အလွန်ပျော်စရာကောင်းလှသည်။ "စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့" ဟူသော လှုံ့ဆော်သံများသည် တစ်နိုင်လုံး ပျံ့လွင့်လျက်ရှိသည်။ ကျန်းမာရေးအတွက် နှစ်သက်ဖွယ်ကောင်းသော ဆောင်းရာသီပင်ဖြစ်သည်။

သို့ဖြစ်ရာ ဆောင်းရာသီ၏ သဘာဝအလှတရားများသည် လူသားတို့အတွက် မရိုးနိုင်သော အလှများအဖြစ် ထာဝရတည်ရှိနေမည်သာဖြစ်ပါကြောင်း ရေးသားလိုက်ရ ပေသည်။

## မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား အကြိမ်(၁၄၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်



**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးမြို့ အရှေ့ပြင်နယ်လုံးဆိုင်ရာ မဟာလောကရန်နိုင် အောင်တော်မူမြတ်စွာဘုရား အကြိမ်(၁၄၀)မြောက် ဗုဒ္ဓပူဇနီယဘုရားပွဲတော်ကြီးကို ကျင်းပမည်ဖြစ်ပြီး ဘုရားဆင်းတုတော်တစ်ဆူနှင့် မြသပိတ်ကံထူးသူ ရွေးချယ်ပွဲကို နတ်တော်လဆန်း ၁၂ ရက်၊ ဒီဇင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့ နံနက်တွင် ကျင်းပမည်ဖြစ်သည်။

နတ်တော်လပြည့်ကျော် ၃ ရက် ဒီဇင်ဘာ ၁၈ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ပဒေသာပင်နှင့် စာရေးတံမဲများ ခင်းကျင်း၍ နတ်တော်လပြည့်ကျော် ၄ ရက်၊ ဒီဇင်ဘာ ၁၉ ရက်၊ ကြာသပတေးနေ့ နံနက်တွင် ဘုရားအမွှမ်းပြုသော ပင့်သံဃာတော် ၃၀၁ ပါးတို့အား ဆွမ်းသပိတ်နှင့် စာရေးတံမဲများ လောင်းလှူမည်ဖြစ်ရာ စေတနာရှင် ကုသိုလ်ရှင်များအနေဖြင့် ကြည်ညို လောင်းလှူပူဇော်နိုင်ကြပါရန် နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်ထားကြောင်း ဂေါပကအဖွဲ့ထံမှ သိရသည်။

(PNT)

## မန္တလေးနေ့စဉ်သတင်းစာတိုက်၏ (၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အောင်ပွဲ ရေစက်ချအခမ်းအနား ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာနနှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်ဝန်ထမ်းများ၏ (၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်အောင်ပွဲ ရေစက်ချအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတောင်တော်၊သာယာအေးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကထိန်အလှူရှင်များဖြစ်သည့် ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးနှင့်ဇနီး၊ ဝန်ထမ်းများက ရပ်/ကျေးသံဃနာယက ဥက္ကဋ္ဌ အောင်ဇမ္ဗူကျောင်းဆရာတော် ဘဒ္ဒန္တမာဃာဝထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ **(အပေါ်ပုံ)**

ထို့နောက် သာယာအေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညာဝံသနှင့် သံဃာတော်များအား အလှူရှင်များက နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနှင့် ရေစက်ချတရား နာယူကြည်ညိုကြကာ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်း၍ ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၃)

၀-၀-၀-၀-၀

၀-၀-၀

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲရေး အသိပညာပေးဆောင်ရွက်

**ရေနံချောင်း ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ ရေနံချောင်းမြို့မဈေးတွင် ဈေးရောင်း၊ ဈေးဝယ်များအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်ကြသည်။



အဆိုပါ ပညာပေးလုပ်ငန်းတွင် ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့မဈေးအတွင်း ပလတ်စတစ်ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့် ထုပ်ပိုးရောင်းချသွားရန်၊ ဈေးဝယ်သူများသည် လက်ဆွဲခြင်းများ တစ်ပါတည်း ယူဆောင်လာရန် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဓံပုံ) (၄၇၂)


### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ (မန္တလေးနေ့စဉ်)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၄၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲများနှင့် မသန်စွမ်းအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားများသို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့် တိုင်းဒေသကြီး အဆင့်ပြိုင်ပွဲများနှင့် မသန်စွမ်း အားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားများကို ယနေ့တွင် နေပြည်တော်ရှိ သက်ဆိုင်ရာ အားကစားကွင်းနှင့် အားကစားရုံများ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဝင်များ တက်ရောက်ကြည့်ရှု အားပေးပြီး ဆုများချီးမြှင့်ကြသည်။

ဦးစွာ ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီးအဆင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်း တွင် နေပြည်တော်ရှိ မြို့တော် ဂေါက်ကွင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကောင်စီ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ပြိုင်ပွဲ ဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမား များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ပြည်ထောင်စု ဝန်ကြီး ဦးအောင်ကျော်ဟိုးက အမျိုးသားတစ်ဦးချင်း (အကျော့မဲ့) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး၊ ဒုတိယဆု ရရှိသည့် တနင်္သာရီတိုင်းဒေသကြီး နှင့် တတိယဆုရရှိသည့် ရန်ကုန် တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲ ဝင်များအား လည်းကောင်း၊ နိုင်ငံ တော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးရန်ကျော်က တစ်ဦးချင်း (အကျော့ပေး) ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ ဒုတိယနှင့် တတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော် အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်း ကောင်း၊ ကောင်စီဝင် ဦးရွှေကြိမ်း က အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲ တွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် တနင်္သာရီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြု ဆုတံဆိပ်နှင့် အမျိုးသားအားကစား ပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင် စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး က အသင်းလိုက်(အကျော့ပေး) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ် နှင့် တတိယဆုရရှိသည့် ပဲခူးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်သည်။

ထို့ပြင် မသန်စွမ်းအားကစား ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များကို လယ်ဝေး TC-2 အားကစားကွင်း ၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံမသန်စွမ်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်း များမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မသန်စွမ်း ပြေးခုန်ပစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပရာရောဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင် ကြည်က အမျိုးသား သံလုံးပစ် F 62/63 ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေး တိုင်းဒေသကြီးနှင့် တတိယဆု ရရှိသည့် မွန်ပြည်နယ်အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်က အမျိုးသား လုံတံပစ် F 56/57 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်နှင့် တတိယဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ် နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်ကြသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အမျိုးသား မီတာ ၈၀၀ T 46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီးနှင့် တတိယဆုရရှိသည့် ပဲခူးတိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင် များအား လည်းကောင်း၊ အမျိုးသား အလျားခုန် T 42 ပြိုင်ပွဲတွင် ပထမ ဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒုတိယနှင့် တတိယ ဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ ကျန်းမာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက အမျိုးသမီး လုံတံပစ် F44/62/63/64 ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆု ရရှိသည့် ပဲခူးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်းတို့မှ ပြိုင်ပွဲဝင်အသင်းများအား လည်း ကောင်း၊ အမျိုးသမီး မီတာ ၁၀၀ T44/64 အပြေးပြိုင်ပွဲတွင် ပထမ ဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယ နှင့် တတိယဆုရရှိသည့် ဧရာဝတီ တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲ ဝင်များအား လည်းကောင်း ဂုဏ်ပြု ဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က အမျိုးသား သံပြားပစ် F46 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်း ဒေသကြီး၊ ဒုတိယဆုရရှိသည့်

စာမျက်နှာ ၄ သို့ ☆



## ဂုဏ်ပြုဆုချီးမြှင့်

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး အသင်းလိုက် (အကျော့ပေး) ပြိုင်ပွဲတွင် ဆုရအသင်းသားများ အား တစ်ဦးချင်း ဂုဏ်ပြုဆု တံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်း အမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အသင်းလိုက်(အကျော့မဲ့)ပြိုင်ပွဲတွင်ဆုရအသင်းသား များအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အသင်းလိုက်(အကျော့ပေး)ပြိုင်ပွဲတွင် ဆုရအသင်းသားများအား တစ်ဦးချင်းဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အမျိုးသား မီတာ ၁၀၀ T46/47 အပြေးပြိုင်ပွဲတွင် ဆုရသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

မွန်ပြည်နယ်နှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသမီး လုံတံပစ် F 54/55 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအားလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က အမျိုးသားမီတာ ၁၀၀ T46/47 အပြေးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား လုံတံပစ် F 64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး၊ ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း၊ အမျိုးသား မီတာ ၁၀၀ T64 ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မွန်ပြည်နယ်၊ ဒုတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးနှင့် တတိယဆုရရှိသည့် ဧရာဝတီ တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များအား လည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

အလားတူ မသန်စွမ်းအားကစား ပြိုင်ပွဲ ထိုင်လျက်ဘော်လီဘော ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို လယ်ဝေး TC-2 အားကစားကွင်း ဘော်လီဘောရုံ၌ ကျင်းပရာ မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် ဗိုလ်မှူးချုပ် စိုးကျော်ထက်တို့က တစ်ဦးချင်း နေရာအလိုက် အကောင်းဆုံးဆု ရရှိကြသည့် အားကစားသမားများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ပဲခူးတိုင်းဒေသကြီး အသင်းအား လည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့်အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ် ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ပြည်နယ်နှင့် တိုင်းဒေသကြီး ဘတ်စကက်ဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ရွှေကြာပင် အားကစားကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက ပူးတွဲတတိယဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က တတိယဆုရရှိသည့် ကချင်ပြည်နယ် အသင်းအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။

**ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်**



ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။

ပွဲအခမ်းအနားကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(C) ရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး လူမှုရေးရာ ဝန်ကြီး ဦးမျိုးအောင်နှင့် ရှမ်းပြည်နယ် လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က အမျိုးသမီး အသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲ တတိယဆုရရှိကြသည့် မန္တလေး တိုင်းဒေသကြီးနှင့် ပဲခူးတိုင်း ဒေသကြီးအသင်းတို့မှ ပြိုင်ပွဲဝင် များအားလည်းကောင်း၊ ဒုတိယ ဝန်ကြီး ဦးထိန်လင်းက ဒုတိယဆု ရရှိသည့် ရှမ်းပြည်နယ်အသင်း မှ ပြိုင်ပွဲဝင်များအား လည်း ကောင်း၊ ပြည်ထောင်စုဝန်ကြီး နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ပထမဆု ရရှိသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းမှ ပြိုင်ပွဲဝင်များအားလည်း ကောင်း တစ်ဦးချင်း ဂုဏ်ပြုဆု တံဆိပ်နှင့် အမျိုးသားအားကစား ပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး လူမှု ရေးရာဝန်ကြီး ဦးဌေးအောင်တို့က အမျိုးသားအသင်းလိုက် ပြိုင်ပွဲ တွင် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူး တိုင်းဒေသကြီးအသင်းတို့မှ ပြိုင်ပွဲ ဝင်များအားလည်းကောင်း၊ ဒုတိယ ဝန်ကြီး ဦးဇင်မင်းထက်က ဒုတိယ ဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ က ပထမဆုရရှိသည့် ရန်ကုန်တိုင်း ဒေသကြီးအသင်းမှ ပြိုင်ပွဲဝင်များ အားလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသား အားကစားပွဲတော် အထိမ်းအမှတ် အရုပ်ကို ပေးအပ်ချီးမြှင့်သည်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းမှ ပြိုင်ပွဲဝင်များအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အမျိုးသားသံပြားပစ်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးမှ မောင်အောင်ဘုန်းမြတ်အား ဂုဏ်ပြုဆုတံဆိပ်နှင့် အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်အရုပ်ကို ပေးအပ်ချီးမြှင့်စဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

❖ရှေ့ဖုံးမှ

ကွင်း(B)ရှိ ကျင်းပရာ အမျိုးသား ဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို သုံးပွဲ နှစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲ တစ်ပွဲ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း (C)ရှိ ကျင်းပရာ အမျိုးသား ကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ်အသင်းက မန္တလေးတိုင်း ဒေသကြီးအသင်းကို သုံးပွဲနှစ်ပွဲဖြင့်လည်းကောင်း၊ အမျိုးသမီး ကြက်တောင်ရိုက် ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီး အသင်းကို သုံးပွဲ တစ်ပွဲ၊ ရှမ်းပြည်နယ် အသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား ကြက်တောင်ရိုက် ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီး အသင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က လည်းကောင်း၊ အမျိုးသမီး ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို သုံးပွဲ တစ်ပွဲဖြင့် အနိုင်ရရှိခဲ့ပြီး ပထမဆုကို ရန်ကုန်တိုင်းဒေသကြီးအသင်း၊ ဒုတိယဆုကို ရှမ်းပြည်နယ်အသင်း၊ တတိယဆုကို မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့က ရရှိခဲ့ကြသည်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ၅၀ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လက်ဝှေ့ရုံ၌ ကျင်းပရာ အမျိုးသား ၅၁ ကီလိုတန်းပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ ဟိန်းထွဋ်အောင်က ရှမ်းပြည်နယ်မှ ရဲနိုင်ကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ဘောမ်ဆောင်က ရန်ကုန်တိုင်းဒေသကြီးမှ ခန့်ဖြိုးကျော်ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ သူရက ချင်းပြည်နယ်မှ ရဲရင့်ထွေးကိုလည်းကောင်း၊ ကရင်ပြည်နယ်မှ စောရွှေဝင်းက ရခိုင်ပြည်နယ်မှ အာကာထက်ဝင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၅၄ ကီလိုတန်း ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အာကာဖြိုးက မကွေးတိုင်းဒေသကြီးမှ ကောင်းဆက်နိုင်ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဇော်ဇော်နိုင်က ဧရာဝတီတိုင်း ဒေသကြီးမှ စောလင်းအောင်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်မှ ရှိုင်းငယ်က စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုကိုထွန်းကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ဝင်းထိုက်က ပဲခူးတိုင်းဒေသကြီးမှ တူးမောင်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၅၇ ကီလိုတန်း ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မင်းဆက်သာဦးက မွန်ပြည်နယ်မှ ဟိန်းလင်းထွန်းကိုလည်းကောင်း၊ ကချင်ပြည်နယ်မှ ရှိန်းထက်ကိုကိုက ပဲခူးတိုင်းဒေသကြီးမှ ဟိန်းထွဋ်ကျော်ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ လမင်းကိုကိုက ဧရာဝတီတိုင်းဒေသကြီးမှ ကျော်စွာမိုးကိုလည်းကောင်း၊ ချင်းပြည်နယ်မှ ဂင်ရှန်းမွှောင်က ကရင်ပြည်နယ်မှ စောလှဟန်အေးကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသား ၆၃ ဒသမ ၅ ကီလိုတန်း ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ နုတ်မာရ်က ရခိုင်ပြည်နယ်မှ ထူးအောင်ရဲရင့်ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ဘုန်းမြင့်မောင်က ဧရာဝတီတိုင်းဒေသကြီးမှ လင်းထက်ကို လည်းကောင်း၊ မန္တလေးတိုင်း ဒေသကြီးမှ စိုင်းနောင်က ကရင်ပြည်နယ်မှ စောဟဲဒိုစေးကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကျော်မျိုးဟန်က ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ ရာဇာနေဝင်းကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အမျိုးသမီး ၅၀ ကီလိုတန်း ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ အေးအေးမူက ချင်းပြည်နယ်မှ ကေသွယ်ဝင်းကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည့်စုံဝင်းက ပဲခူးတိုင်းဒေသကြီးမှ အိန္ဒြေကျော်ကို လည်းကောင်း၊ နေပြည်တော်မှ အိမ့်မြတ်ကျော်က မန္တလေးတိုင်းဒေသကြီးမှ ခိုင်သဇင်ထွန်းကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ မြမိုးသူက ရှမ်းပြည်နယ်မှ သဲမြတ်မွန်ကိုလည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ စာမျက်နှာ ၆ သို့ ✰



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

☆ စာမျက်နှာ ၅ မှ

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် ခရစ်ကက်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း မြားပစ်ကွင်း (၁/၂)၌ ကျင်းပရာအမျိုးသား ခရစ်ကက်ပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၆ မှတ်အသာ၊ မန္တလေးတိုင်းဒေသကြီးက ပဲခူးတိုင်းဒေသကြီးအသင်းကို ၁၄ မှတ်အသာ၊ ရခိုင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ၁၃၉ မှတ်အသာ၊ ဧရာဝတီတိုင်းဒေသကြီးက မကွေးတိုင်းဒေသကြီး အသင်းကို ၁၀ ယောက်အသာဖြင့် လည်းကောင်း၊ အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို ၅၁ မှတ်အသာ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက မွန်ပြည်နယ်အသင်းကို လေးယောက်အသာ၊ ဧရာဝတီတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို ၁၄ မှတ်အသာ၊ ကရင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို နှစ်မှတ်အသာဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်း(၃)/(၄) တို့တွင် ယှဉ်ပြိုင်ကစားကြရာ ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့က တစ်ဖက်သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်ပြီး မန္တလေးတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဘောဂဝတီအားကစားကွင်းနှင့် လယ်ဝေးမြို့နယ် အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့က ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသမီးဖူဆယ် ဘောလုံးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို ၁၁ ဂိုး - ဂိုးမရှိ၊ ကချင်ပြည်နယ်အသင်းက ဧရာဝတီ တိုင်းဒေသကြီး အသင်းကို ခုနစ်ဂိုး - ငါးဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပရာ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ စစ်ကိုင်းတိုင်းဒေသကြီး အသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကချင်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက မကွေးတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ မန္တလေးတိုင်းဒေသကြီး အသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်၊ ကရင်ပြည်နယ် အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်း(A)ရုံ၌ ကျင်းပရာ အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲ၊ မကွေးတိုင်းဒေသကြီး အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ မန္တလေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး အသင်းက စစ်ကိုင်းတိုင်းဒေသကြီး အသင်းကို နှစ်ပွဲပြတ်၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်၊ ရခိုင်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲ တစ်ပွဲ၊ မွန်ပြည်နယ်အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်တို့ဖြင့် လည်းကောင်း အနိုင်ရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ပေါင်းလောင်း အားကစားကွင်း၊ ရွှေကြာပင် အားကစားကွင်းနှင့် လယ်ဝေး TC-2 အားကစားကွင်းတို့၌ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်းတို့က ဂိုးမရှိ သရေ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီး ဌာနအသင်းက ကျန်းမာရေး ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး- တစ်ဂိုး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနအသင်းကို သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိ အားကစားကွင်းဖူဆယ်အားကစားရုံ၌ ကျင်းပရာ အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့က တစ်ဖက်သုံးဂိုးစီ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနအသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ ပညာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး- လေးဂိုး၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်းကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ယနေ့ကျင်းပသည့် အားကစားပြိုင်ပွဲများသို့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ အားကစားနည်း အလိုက်အဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် အားကစားဝါသနာရှင် ပြည်သူများ စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

သတင်းစဉ်




ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဖူဆယ်(အုပ်စုပွဲစဉ်)ပြိုင်ပွဲတွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ပြန်ကြားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား ၅၁ ကီလိုတန်း လက်ဝှေ့ပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။



ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသားဘောလုံးပြိုင်ပွဲတွင် ချင်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ဝန်ကြီးဌာနပေါင်းစုံ အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲတွင် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# အိန္ဒိယနိုင်ငံ Naval War College (NWC)မှ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အရာရှိကြီးများအဖွဲ့ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ်အဖြစ် လာရောက်လေ့လာ

**နေပြည်တော် ဒီဇင်ဘာ ၈**

အိန္ဒိယနိုင်ငံ Naval War College (NWC)မှ ဒုတိယကျောင်းအုပ်ကြီး Commodore Prashant Chandrasekharan ဦးဆောင်သော အရာရှိကြီးများအဖွဲ့သည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ ဒီဇင်ဘာ ၂ ရက်တွင် ရောက်ရှိကြသည်။

**ဖူးမြော်ကြည်ညို**

အဆိုပါ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အဖွဲ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ်အတွင်း ဒီဇင်ဘာ ၃ ရက်တွင် ရန်ကုန်မြို့ရှိ India Centre သို့ သွားရောက် လေ့လာခြင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဝန်ထမ်းများနှင့် တွေ့ဆုံခြင်းတို့ ဆောင်ရွက်ကြပြီး ဒီဇင်ဘာ ၄ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)နှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်ရုံးတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း၊ နေပြည်တော်ရှိ တပ်မတော် စစ်သမိုင်းပြတိုက်၊ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်လေ့လာ ဖူးမြော်ကြည်ညိုခြင်းတို့ ဆောင်ရွက်ကြသည်။

**သွားရောက်လေ့လာ**

ဒီဇင်ဘာ ၅ ရက်တွင် ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ သွားရောက်၍ ပုဂံမြို့တွင်းနှင့် ပုဂံယဉ်ကျေးမှု ပြတိုက်သို့ သွားရောက် လေ့လာကြပြီး ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုခြင်းနှင့် စစ်ရေယာဉ်(မေယု)သို့သွားရောက် လေ့လာခြင်းတို့ ဆောင်ရွက်ကြသည်။

အိန္ဒိယနိုင်ငံ Naval War College (NWC)မှ ဒုတိယကျောင်းအုပ်ကြီး ဦးဆောင်သော အရာရှိကြီးများ အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည် ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်









## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ(ဒုတိယပတ်)ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၈**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးတပ်နယ်၏ ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ(ဒုတိယပတ်)ကို ယနေ့နံနက်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီးမှ ကျုံး၏ တောင်ဘက်နှင့် အရှေ့ဘက်ရတနာပုံဥယျာဉ်တစ်လျှောက်၌ ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး လင်းနိုင်စိုး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ တပ်နယ်မှ အရာရှိကြီးများ၊ အရာရှိ/စစ်သည်များနှင့် မိခိုသူမိသားစုဝင်များ ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ ဒုတိယတိုင်းမှူးနှင့် အရာရှိ/စစ်သည်မိသားစုဝင်များက သတ်မှတ်လမ်းကြောင်းအတိုင်း တပျော်တပါး စုပေါင်းလမ်းလျှောက်ကြသည်။ ထို့နောက် စုရပ်နေရာ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(၀၃၈)



**တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း၊ ပန်းနှင့်သစ်ပင် မတွေ့မြင်က၊ ဝန်းကျင်ခြောက်ခန်း စိတ်ပင်ပန်း၏။**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ နေပြည်တော်ကောင်စီဝင်များနှင့်အတူ ရာဂီမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား ဓာတ်အားပေးစက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ တာဝန်ရှိသူများက အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်အားအမြန်ဆုံး ထုတ်လုပ်ပေးနိုင်ရေးအတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားရေး၊ ပြုပြင်ရေးလုပ်ငန်းများ ဆောလျင်စွာပြီးစီးနိုင်ရေးအတွက် လူအင်အား၊ ပစ္စည်းအင်အားများကို စနစ်တကျစုဖွဲ့၍ အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရန်၊ လုပ်ငန်းများကို ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးကာ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့နောက် တမံအတွင်း ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲနှင့် တမံ၏ကြံ့ခိုင်မှုအခြေအနေကိုလည်းကောင်း၊ စက်ယန္တရားကြီးများဖြင့် ချောင်းကြမ်းပြင် တူးဖော်နေမှုကို လည်းကောင်း၊ ဓာတ်အားပေးစက်ရုံ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက တမံကြံ့ခိုင်မှုနှင့် လုံခြုံရေးကို စဉ်ဆက်မပြတ် ဂရုပြုစောင့်ကြပ်ကြည့်ရှုစစ်ဆေးရေးနှင့် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ဓာတ်အားပေးစက် မဂ္ဂါဝပ် ၇၀ နှစ်လုံးဖြင့် စုစုပေါင်း ဓာတ်အား မဂ္ဂါဝပ် ၁၄၀ ကို ၂၃၀ ကေဗွီ အထက်ပေါင်းလောင်း-နန်ချို ဓာတ်အားလိုင်းဖြင့် နိုင်ငံတော် ဓာတ်အားကွန်ရက်စနစ်အတွင်းသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ၄၅၄ ကီလိုဝပ်နာရီသန်းခန့် ထုတ်လုပ်ပေးလျက်ရှိရာ ရာဂီမုန်တိုင်းကြောင့် ဓာတ်အားပေးစက်ရုံအတွင်း ရေများဝင်ရောက်ခဲ့ကာ ဓာတ်အားပေးစက်များ ရေနစ်မြုပ်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများ ရပ်နားခဲ့ရပြီး ဓာတ်အားအမြန်ဆုံး ပြန်လည်ထုတ်လုပ်ပို့လွှတ် ဖြန့်ဖြူးပေးနိုင်ရန်အတွက် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နန်ချို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး ဓာတ်အားပေးစက်များ မောင်းနှင်နေမှုနှင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

## Grade 11 နှင့် Grade 12 ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပေး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဥပဒေရေးရာဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် Grade 11 နှင့် Grade 12 ဆရာ၊ ဆရာမများအတွက် ဥပဒေအသိပညာပေးဆရာဖြစ်သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့၊ မင်္ဂလာဗျူဟာခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ တိုင်းဒေသကြီးဥပဒေအရာရှိ ဦးအေးသိန်း၊ နေပြည်တော်ပညာရေးမှူးရုံးမှ ဒုတိယတိုင်းပညာရေးမှူး ဦးကြည်ညို၊ ပြည်ထောင်စုနယ်မြေရှိ ခရိုင်ဥပဒေရုံးများမှ သင်တန်းနည်းပြ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း၊ တိုင်းဥပဒေအရာရှိ ဦးအေးသိန်းက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်ခဲ့သည်။

ဆုရရှိသူများမှာ ပထမဆုကို ဥတ္တရသီရိမြို့နယ်၊ အခြေခံပညာ (အထက်တန်းကျောင်းခွဲ-မရမ်းခုံ) မှ အထက်တန်းပြဆရာ ဦးအောင်ပြည့်ဖြိုးကလည်းကောင်း၊ ဒုတိယဆုကို ဥတ္တရသီရိမြို့နယ်၊(အခြေခံပညာအထက်တန်းကျောင်းခွဲ - မအူလေးပင်)မှ အထက်တန်းပြဆရာမ ဒေါ်ခင်ရတနာဝင်းကလည်းကောင်း၊ တတိယဆုကို လယ်ဝေးမြို့နယ်၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဦးမြင့်ဇော်က လည်းကောင်း ရရှိကြသည်။

ဆက်လက်၍ ပုဗ္ဗသီရိမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်းမှ အထက်တန်းပြဆရာ ဒေါက်တာ ကျော်ဆွေက ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းတက်ရောက်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ဆရာ၊ ဆရာမစုစုပေါင်း ၁၉၁ ဦးတက်ရောက်ခဲ့ကြပြီး ကာလ (၇)ရက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေဘာသာရပ် (၇)ခု ပို့ချခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

---

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀

---

**ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၄)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| လန်းစ် | ၂ | - | ၀ | မောင့်ပယ်လီယာ |

**ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၃)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၄ | - | ၃ | မိန့်ဇ် |

**အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၁ | - | ၁ | အာဆင်နယ် |
| အစ်ဗွတ်ဖိုး | ၁ | - | ၂ | ဘုန်းမောက် |
| လက်စတာ | ၂ | - | ၂ | ဘရိုက်တန် |

**စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| လီဂါနက်စ် | ၀ | - | ၃ | ဆိုစီဒက် |
| ဘီလ်ဘာအို | ၂ | - | ၀ | ဗီလာရီးရဲလ် |

**အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၅)အနိုင်၊ အရှုံး** (NGB)

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၁ | - | ၀ | ကယ်ဂလီယာရီ |
| ဗီရိုနာ | ၁ | - | ၄ | အမ်ပိုလီ |

## ပွင့်ဖြူမြို့မဈေး၌ ဈေးရောင်းဈေးဝယ်ပြည်သူများအား ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး



**ပွင့်ဖြူ ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် ကြုံတွေ့ရမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအန္တရာယ်လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ သိရှိစေရန် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးခြင်းကို ယမန်နေ့က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များနှင့် ပူးပေါင်းပြီး ပွင့်ဖြူမြို့မစည်ပင်သာယာဈေးအတွင်း၊ အပြင်ရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကို တွေ့ဆုံကာ ဈေးရောင်းချရာတွင် သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေသည့် ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်နှင့် ပလတ်စတစ်အစားထိုး ပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချသွားကြရန်၊ ဈေးရောင်း၊ ဈေးဝယ်ရာတွင် လက်ဆွဲခြင်းများ တစ်ပါတည်း ယူဆောင်လာကြရန်၊ အစားအစာ ဘေးကင်းလုံခြုံစေရန် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားကုန်ပစ္စည်းများကို စနစ်တကျ ရောင်းချကြရန်နှင့် ဈေးရောင်းပြီးချိန်တိုင်း ဈေးဆိုင်ခန်းဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်တို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က ပွင့်ဖြူမြို့မဈေးရှိ ဈေးရောင်းဈေးဝယ်ပြည်သူများကို သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး ပလတ်စတစ်ပစ္စည်းသုံးစွဲမှု လျှော့ချနိုင်ရေးအတွက် ပလတ်စတစ်ပစ္စည်း အစားထိုး အသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ ကြာဖက်၊ စက္ကူ တို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

(အပေါင်ဝဲပုံ)

(၄၄၅)



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံကွင်းဆင်း စစ်ဆေး

**ပျော်ဘွယ် ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားမပေါ်ပေါက်စေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများအား ဒီဇင်ဘာ ၆ ရက်၊ နံနက် ၁၀ နာရီက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ စက်သုံးဆီအရောင်းဆိုင်များအား လိုက်လံစစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မျိုးနှင့်တပ်ဖွဲ့ဝင်များသည် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လျှပ်စစ်မီးများ အသုံးပြုရာတွင်စနစ်တကျသုံးစွဲရန်၊ မီးချိတ်မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် မီးသတ်ဆေးဘူးများ အသင့်ထားရှိရန်နှင့် မီးသတ်ဆေးဘူးများ လေပေါင်ဖြည့်တင်းထားခြင်းရှိ၊ မရှိ စစ်ဆေးခြင်းနှင့် မီးသတ်ဆေးဘူးကိုင်တွယ်အသုံးပြုနည်းများကို လက်တွေ့သရုပ်ပြရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၀၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**ကလော ဒီဇင်ဘာ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဒီဇင်ဘာ ၃ ရက် နံနက် ၁၁ နာရီက ကလောမြို့နယ်၊ ရေယားကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် ခွန်ကျော်ဟိန်း မောင်းနှင်ပြီး မောင်တီး လိုက်ပါလာသည့် TOYOTA LANDCRUISER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသော စိတ်ကြွရူးသွပ်ဆေးပြား ၅၃၈၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၃ နာရီခွဲတွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် မောင်လွှာအား တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်ရှိ နေအိမ်တွင် HONDA FIT အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အားလည်းကောင်း၊ ည ၇ နာရီခွဲက စောစင်ကြယ်မင်းနှင့် စောစိုးစိုးပိုင် တို့အား ပဲခူးမြို့နယ်၊ ပြည်တော်အေးကျေးရွာရှိ ဟိုတယ်တွင် TOYOTA PROBOX အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့အားလည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ခွန်ကျော်ဟိန်း(၃၄)နှစ်၊ မောင်တီး(၃၆)နှစ်၊ မောင်လွှာ(၄၄)နှစ်၊ စောစင်ကြယ်မင်း(၂၉)နှစ်နှင့် စောစိုးစိုးပိုင် (၂၆) နှစ်တို့အား ကလောမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



## ကျောက်ဆည်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**ကျောက်ဆည် ဒီဇင်ဘာ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဒီဇင်ဘာ ၄ ရက် ညနေ ၆ နာရီက ကျောက်ဆည်မြို့နယ်၊ သံရွာကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် အောင်ထွန်းလင်း(ခ)အားဝေ မောင်းနှင်လာသည့် HUMMER အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သို၀ှက်သယ်ဆောင်လာသော ဘိန်းဖြူ အလေးချိန် ၈ ဒသမ ၈ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀၀ နှင့် လက်ကိုင်ဖုန်း လေးလုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် အောင်ထွန်းလင်း(ခ)အားဝေ(၂၅)နှစ်အား သံရွာနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

၀-၀-၀-၀-၀-၀-၀

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



**မိုင်းဆတ် ဒီဇင်ဘာ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်၊ မဟုန်လွယ်ကျေးရွာအနီးတွင် အိုက်ခေး မောင်းနှင်လာသည့် HILUX REVO မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား တာချီလိတ်မြို့နယ်မှ မိုင်းဆတ်မြို့နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(ယာပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# စောစောနိုးထ လမ်းလျှောက်ကြပါစို့

မိုးထက်ကို (အမရပူရ)

လူ့ဘဝခဏတာ နေခွင့်ရသည့် အချိန်တိုအတွင်းမှာ လူတိုင်း ကျန်းမာအသက်ရှည်စေရန် ကံ၊ စိတ်၊ ဥတု၊ အာဟာရ အဓိက အကြောင်းတရားလေးပါးရှိပါသည်။ ထိုအကြောင်းတရားလေးပါး ကို ညီညွတ်မျှတစွာကျင့်သုံးနေထိုင်လျှင် ကျန်းမာစွာဖြင့် လူ့ဘဝ သက်တန်းစေ့နေနိုင်ပါမည်။

"ကံ"ဆိုသည်မှာ"ကမ္မအလုပ်"ဖြစ်ပါသည်။ မိမိပြုမူ နေထိုင်သော လုပ်ကိုင်လှုပ်ရှားမှုများသည် မိမိ၏ခန္ဓာကိုယ်၊ မိမိ၏ အင်အားနှင့် သင့်လျော်မျှတမှု (သို့မဟုတ်) သဟဇာတဖြစ်မှု လိုအပ်ပါသည်။

"စိတ်"ကို ထိန်းချုပ်နိုင်ခြင်းသည် ကျန်းမာအသက်ရှည်ရေး အတွက် များစွာအကျိုးပြုပါသည်။ 'စိတ်ပျိုတော့ကိုယ်နု' 'စိတ်ထောင်းတော့ကိုယ်ကြေ' ဟူသော စကားများသည် ကိုယ်ကာယ ကျန်းမာရေးအတွက် စိတ်၏အကျိုးသက်ရောက်မှုသည် အရေးပါ အရာရောက်ပါသည်။

"ဥတု"သတ္တလောကမှာ သတ္တဝါတို့ အသက်ရှင်နေထိုင်ရာ တွင် ဥတု-ပူခြင်း၊ အေးခြင်းတို့ကလည်း အရေးကြီးပါသည်။ အသက်အရွယ် ကိုယ်ခံအားတို့အပေါ်မူတည်၍ တုံ့ပြန်စွမ်း၊ ခံနိုင်ရည်စွမ်းများ ကွာခြားကြပါသည်။ ပူခြင်း၊ အေးခြင်း၊ သဘာဝကို ငယ်ရွယ်သူများက ပို၍ခံနိုင်ရည်၊ တုံ့ပြန်နိုင်ရည် ရှိကြပါသည်။ အသက်အရွယ်ကြီးရင့်သူများသည် ဥတုသဘာဝဒဏ်ကို ခံနိုင်ရည်၊ တုံ့ပြန်ရည်နည်းပါးတတ်ကြပါသည်။ ထို့ကြောင့် ဥတု အလိုက် ပူခြင်း၊ အေးခြင်းကို ခံနိုင်ရည်ရှိရန် လိုက်လျောညီထွေ ဖြစ်ရန် ကျန်းမာရေးအသိနှင့် ကိုယ့်ကိုယ်ကိုယ် ထိန်းညှိနေထိုင်ရပါမည်။

"အာဟာရ" လူတိုင်းအသက်ရှည်ကြာစွာနေနိုင်ရေးအတွက် အစာအာဟာရကို မှီဝဲကြရပါသည်။ အစာအာဟာရကို မှီဝဲရာတွင် ကြေညက်လွယ်၍ အာဟာရပြည့်ဝသော အစားအစာများကို စီမံရွေးချယ်၍ မှီဝဲကြရပါမည်။ အသက်အရွယ်၊ ရာသီဥတုနှင့် လိုက်လျောညီထွေ မှီဝဲမှသာ ရောဂါဘယဖြစ်ပွားမှုနည်းပြီး ကျန်းမာအသက်ရှည်ကြမည်။

ကျန်းမာအသက်ရှည်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားခြင်းသည်လည်း အရေးပါအရာရောက်ပါသည်။ 'အာရောဂျပရမံလာဘံ' ကျန်းမာခြင်းသည်အကြီးမြတ်ဆုံးသော လာဘ်ကြီးတစ်ပါးဖြစ်ပါသည်။ ကျန်းမာခြင်းဟူသည် ကာယသုခ၊ စိတ္တသုခနှစ်ဖြာနှင့် ပြည့်စုံပြီး အနာရောဂါကင်းစင်ခြင်းပင် ဖြစ်သည်။ ကိုယ်လက်လှုပ်ရှား အားကစားနည်းအမျိုးမျိုးရှိသည့်အနက် ကုန်ကျစရိတ်အနည်းဆုံးသော အားကစားနည်းတစ်ရပ်မှာ လမ်းလျှောက်ခြင်းပင်ဖြစ်သည်။

လမ်းလျှောက်ခြင်းအလေ့အထကို လူကြီးလူငယ် အသက်အရွယ်မရွေး ပြုမူသင့်ပါသည်။ လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများသည် များစွာရှိပါသည်။ လမ်းလျှောက်ခြင်းဖြင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ခြင်း၊ ကိုယ်ခန္ဓာအချိုးအဆစ်ပြေပြစ်၍ အသားအရေစိုပြေစေနိုင်ခြင်း၊ ရောဂါကင်းစင်ကာ စိတ်ချမ်းသာခြင်း၊ စိတ်ဓာတ်ခွန်အားကောင်းမွန်ခြင်း၊ သက်လုံကောင်း၍ အညောင်းအညာပြေစေနိုင်ခြင်း စသည်တို့သည် လမ်းလျှောက်ခြင်း၏ အကျိုးကျေးဇူးများပင် ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှုမရှိလျှင် ကိုယ်တွင်းမှာရှိသော ခန္ဓာကိုယ် အစိတ်အပိုင်းများမှာ ထိုင်းမှိုင်းလေးလံနေပေမည်။ မလှုပ်မရှားနေပါက အထွေထွေရောဂါများ ကပ်ငြိစေနိုင်သော အိုလွယ်၊ နာလွယ်စေနိုင်သော အကြောင်းတစ်ရပ်ဖြစ်ပါသည်။ များသောအားဖြင့် ကျန်းမာခြင်း၏တန်ဖိုးကို မကျန်းမာသည့်အခါမှသာ သိလေ့ရှိကြပါသည်။ ထို့ကြောင့် လူတိုင်းကျန်းမာရေးအသိရှိဖို့ လိုအပ်ပါသည်။

လမ်းလျှောက်ခြင်း၏ အကျိုးအာနိသင်ကို လက်တွေ့ကျကျ လမ်းလျှောက်ကြည့်မှ ပို၍သိနိုင်ပါသည်။ အသက်ရှူမဝခြင်း၊ ကိုယ်အလေးချိန်လွန်ကဲခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ လေဖြတ်ရောဂါဖြစ်ခြင်းတို့ကို ကြိုတင်ကာကွယ်နိုင်ပါသည်။



ဟို..ယခင်က ဗြိတိသျှနယ်ချဲ့တို့အုပ်စိုးစဉ်ကာလ ၁၉၃၅ ခုနှစ်က မြန်မာပြည်ခြေလျင်တပ်နှင့် ကာယဗလအဖွဲ့ကြီးက ကြီးမှူး၍ ပြည်လုံးကျွတ် အမျိုးသားကျန်းမာသန်စွမ်းရေးလုပ်ငန်းတစ်ရပ်အဖြစ် နိုင်ငံတစ်ဝန်း ခြေလျင်လမ်းလျှောက်ပွဲများ ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ရာ ပြည်သူများကလည်း တစ်ခဲနက်ပါဝင်လှုပ်ရှားအားပေးခဲ့ကြပါသည်။

မြန်မာတစ်မျိုးသားလုံး ကျန်းမာသန်စွမ်းရေးလုပ်ငန်းတွင် တစ်နိုင်ငံလုံးအုံကြွပါဝင်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျန်းမာရေး အမြင်မကျယ်မှု၊ နယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် ရောက်ရှိနေကြသည့် ပြည်သူများကို အမျိုးသားကျန်းမာရေးလှုပ်ရှားမှုတွင် ပါဝင်လာအောင် မြန်မာပြည်တစ်ဝန်းခြေလျင်နှင့် ကာယဗလအဖွဲ့ကြီးမှ လှုံ့ဆော်စည်းရုံးနိုင်ခဲ့သည်။ ပြည်လုံးကျွတ်လူထုလမ်းလျှောက်ပွဲကြီးများကိုလည်း အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။

အေးမြေ့သာယာသော ဆောင်းရာသီရောက်လာလျှင် ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုပြုဖို့ အသင့်တော်ဆုံး၊ အကောင်းမွန်ဆုံးအချိန် ဖြစ်ပါသည်။ လူတစ်ယောက်သည် နေ့စဉ် နာရီဝက်ခန့် ကျန်းမာရေးအရ ကိုယ်လက်လှုပ်ရှားမှု ပြုဖို့လိုပါသည်။ ကျန်းမာခြင်းနှင့် ကိုယ်လက်လှုပ်ရှားခြင်းသည် အပြန်အလှန် ဆက်စပ်နေပါသည်။ ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်သူများသည် တစ်ခြားသူများထက် သက်လုံကောင်းပြီး အမောခံနိုင်ပါသည်။

နေ့စဉ် မိနစ်သုံးဆယ်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် နှလုံးကြွက်သားများ ကျန်းမာသန်စွမ်းပြီး သွေးလည်ပတ်မှု ကောင်းမွန်ကာ အရိုးအဆစ်တွေခိုင်မာလာမည်။ ခန္ဓာကိုယ်မှာ မလိုအပ်သော အဆီပိုများကို ကျဆင်းစေခြင်း၊ သွေးတိုးကျစေခြင်း၊ ညောင်းညာကိုက်ခဲမှုကင်းဝေးခြင်း၊ အစားအစာကိုကြေညက်စေခြင်း၊ စိတ်ကြည်လင်ပေါ့ပါးခြင်း၊ နှစ်ခြိုက်စွာအိပ်ပျော်ခြင်း၊ ကိုယ်ခံစွမ်းအားကောင်းမွန်လာခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းထားနိုင်ခြင်း စသည်တို့သည် လမ်းလျှောက်ခြင်းကရရှိလာသည့် အကျိုးဆက်များပင်ဖြစ်သည်။

ကိုယ်လက်လှုပ်ရှားမှုနည်းပါးလျှင် အဝလွန်ရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် ဆီးချိုရောဂါများကို ဖိတ်ခေါ်ရာ ရောက်သည့်အတွက် အနာရောဂါကင်းစေပြီး ကျန်းမာအသက်ရှည်ဖို့ အလွယ်ကူဆုံး အားကစားနည်းဖြစ်သော နေ့စဉ်မှန်မှန်လမ်းလျှောက်ခြင်းကို လူတိုင်းတန်ဖိုးထားကာ အလေးထားပြုလုပ်ဖို့ လိုအပ်ပါသည်။

မိမိတို့၏ တစ်ကိုယ်ရည်ကျန်းမာကြံ့ခိုင်ရေးကို အခြေခံ၍ မိမိမိသားစု၊ မိမိတို့ရပ်ရွာ၊ မိမိတို့မြို့နယ်၊ မိမိတို့နိုင်ငံအတွက် မြင့်မားသောရည်ရွယ်ချက်များဖြင့် နေ့စဉ် ခြေလျင်လမ်းလျှောက်၍ အမျိုးသားကျန်းမာရေးကို တည်ဆောက်ကြရပါမည်။

စာရေးသူတို့ ငယ်စဉ်က အမျိုးသားကျန်းမာရေးလှုပ်ရှားမှုတွင် ပါဝင်လာအောင် မြန်မာပြည်ခြေလျင်နှင့် ကာယဗလအဖွဲ့ကြီးက လှုံ့ဆော်စည်းရုံးနိုင်ခဲ့၍ ပြည်လုံးကျွတ်လမ်းလျှောက်ပွဲကြီး အကြောင်းကို လူကြီးသူမတွေပြောစကားကို ကြားဖူးနားဝရှိခဲ့ပါသည်။

ထိုသို့ ပြည်လုံးကျွတ် လမ်းလျှောက်ပွဲကြီးများကို လက်ဆင့်ကမ်း ပြုလုပ်ကျင်းပလာခဲ့ကြရာ လွန်ခဲ့သော ဆယ်စုနှစ်များစွာက မန္တလေးတိုင်း အား/ကာကော်မတီ ကြီးမှူးကျင်းပခဲ့သော ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲများကို ပြန်လည်သတိရမိပါသည်။

မန္တလေးမြို့ လူထုလမ်းလျှောက်ပွဲကြီးကို မန္တလေးကျုံးမြို့ရိုးတောင်ဘက်တွင်ရှိသော မန္တလေးမြို့တော်စည်ပင်သာယာရေးရုံးကြီးရှေ့မှ စတင်တာထွက်ကာ လမ်းလျှောက်ကြပါသည်။ ကျုံးမြို့ရိုးအနောက်တောင်ထောင့် ၂၆လမ်းနှင့် လမ်း၈၀မှ ပြန်လည်လျှောက်ကြရာ ကျုံးမြို့ရိုး အရှေ့တောင်ထောင့် ပန်းဝင်ကြပါသည်။ ထိုလူထုလမ်းလျှောက်ပွဲကို လမ်းလျှောက်သူပေါင်း ငါးထောင်ကျော်ခန့် ပါဝင်ဆင်နွှဲကြကာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပါသည်။

ထိုသို့ဖြင့် နိုင်ငံတော်မှ လူထုအားကစားလှုပ်ရှားမှုများကို ဒီဇင်ဘာလရောက်တိုင်း ရက်တစ်ပတ်တစ်ခါ တနင်္ဂနွေနေ့တိုင်း စဉ်ဆက်မပြတ် ဆင်နွှဲကျင်းပလာခဲ့သည်မှာ စိတ်နှလုံးပျော်ရွှင်ကြည်နူးစရာကောင်းလှပါသည်။

လမ်းလျှောက်ခြင်းအားကစားကို ယခုအချိန်မှာ လူတစ်စုအားကစားမှ လူထုအားကစားအဖြစ် နိုင်ငံတော်က ဘက်စုံအားပေးနေချိန်တွင် နိုင်ငံသားတိုင်းသည် မိမိတို့၏အသိစိတ်ဓာတ်နှင့်အညီ စုပေါင်းပါဝင်လှုပ်ရှားဆောင်ရွက်သင့်ပါသည်။

စာရေးသူတို့ အမရပူရမြို့သူ၊ အမရပူရမြို့သားများသည် ကိုယ်လက်လှုပ်ရှား အားကစားလမ်းလျှောက်ခြင်းကို နေ့စဉ်နေ့တိုင်း၊ နံနက်တိုင်း ပြုလုပ်ကြပါသည်။ ဒီဇင်ဘာအားကစားလတွင် လမ်းလျှောက်သူများ ပိုမိုများပြားပါသည်။ တချို့က မန္တလေး-စစ်ကိုင်း ဧရာဝတီမြစ်ကမ်းဘေးမှာရှိသော ကမ်းနားလမ်းမှာ နံနက်စောစော မြူမှုန်တွေကို ထိုးဖောက်ကာ လမ်းလျှောက်ကြပါသည်။ တစ်ချို့က နံနက်စောစော နှင်းမှုန်ဖွေးဖွေးကြားမှာ မယ်ဇယ်ပင်တန်း၊ မယ်ဇယ်ပင်များအောက်မှာရှိသော လမ်းမှ တောင်သမန်တံတားအထိလျှောက်ကာ အသွားအပြန် လမ်းလျှောက်ကြပါသည်။

ထိုသို့ လမ်းလျှောက်ကြတိုင်း မြန်မာနိုင်ငံ ဂီတပညာရှင်များ၏ အမျိုးသားကျန်းမာကြံ့ခိုင်ရေး ဒီဇင်ဘာလ လမ်းလျှောက်ခြင်းကို ဂုဏ်ပြုသည့်တေးသီချင်းကို သီဆိုကြပြီး ကိုယ်လက်လှုပ်ရှား ပေါ့ပါးသွက်လက်စွာ လမ်းလျှောက်ကြပါသည်။

**'စောစော အိပ်လို့ စောစော ထလို့ စောစော လမ်းလျှောက်ကြပါစို့၊ ကိုယ်ခန္ဓာသန်စွမ်းစေဖို့၊ စိတ်နှလုံးရွှင်လန်းစေဖို့၊ သူငယ်ချင်းအပေါင်းအသင်းတစ်စုတို့ ပျော်ဖို့ရွှင်ဖို့၊ ကျန်းမာစေဖို့....'**

# နိုင်ငံတကာ အားကစား သတင်းများ



## ဝေါ်လ်ကာအား ခေါ်ယူရန် ရှက်လ်ဖီးယူနိုက်တက်အသင်း စိစဉ်

**လန်ဒန် ဒီဇင်ဘာ ၈**

ရှက်လ်ဖီးယူနိုက်တက် အသင်းသည် မန်ချက်စတာစီးတီးအသင်း နောက်ခံကစားသမား ဝေါ်လ်ကာအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၃၄)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၁၄ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရှက်လ်ဖီးယူနိုက်တက်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဝေါ်လ်ကာ၏ စာချုပ်သက်တမ်းသည် လာမည့် ၂၀၂၆ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့်၊ စာချုပ်သက်တမ်းမကုန်ဆုံးမီ မန်ချက်စတာစီးတီးအသင်းက ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ရှက်လ်ဖီးယူနိုက်တက်အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက် အတွင်းတွင် မန်ချက်စတာစီးတီး အသင်းထံမှ ဝေါ်လ်ကာအား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## နည်းပြ ဂျိုအာပါရဲရားအား နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် စပို့တင်းလစ္စဘွန်းအသင်းထံ အသင်းပရိသတ်များ တောင်းဆို

**လန်ဒန် ဒီဇင်ဘာ ၈**

စပို့တင်းလစ္စဘွန်းအသင်း ပရိသတ်များသည် အသင်း နည်းပြ ဂျိုအာပါရဲရားအား နည်းပြ ရာထူးမှ ထုတ်ပယ်ပေးရန် အသင်းထံ တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ နည်းပြသည် စပို့တင်းလစ္စဘွန်းအသင်းအား နိုဝင်ဘာ ၁၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၄ပွဲသာတွင် ၁ပွဲနိုင်၊ ၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ပြီး ရလဒ်များဆိုးရွားနေခြင်းကြောင့် အသင်း ပရိသတ်များက နည်းပြ ဂျိုအာပါရဲရားအား နည်းပြရာထူးမှ ထုတ်ပယ်ပေးရန် တောင်းဆိုလာခြင်း ဖြစ်သည်။



ထို့ကြောင့် စပို့တင်းလစ္စဘွန်းအသင်းအနေဖြင့် အသင်း ပရိသတ်များ တောင်းဆိုထားသည့်အတိုင်း နည်းပြ ပါရဲရားအား နည်းပြရာထူးမှ ထုတ်ပယ်သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်းသည် လာမည့် ဒီဇင်ဘာ ၁၁ ရက် နံနက် ၂နာရီခွဲတွင် ကလပ်ဘရုဂျ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

## စီရော်နယ်လ်ဒို အယ်လ်နာဆာအသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၈၀ ပြည့်မြောက်

**လန်ဒန် ဒီဇင်ဘာ ၈**



တိုက်စစ်မှူး စီရော်နယ်လ်ဒို အယ်လ်နာဆာအသင်း ကစားသမားဘဝ ပြိုင်ပွဲစုံ သွင်းဂိုး ၈၀ ပြည့်မြောက်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် အယ်လ်နာဆာအသင်းက အယ်လ်အစ်တီဟတ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလို သွင်းဂိုး ၈၀ ပြည့်မြောက်ခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် အယ်လ်နာဆာအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိပြိုင်ပွဲစုံ ၈၉ပွဲကစားပြီး ဂိုး ၈၀ထိ သွင်းယူကာ ခြေစွမ်းပြထားသည်။

ထို့ပြင် တိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ကစားသမားဘဝ တစ်လျှောက်တွင် သွင်းဂိုးပေါင်း ၉၁၆ဂိုးထိ သွင်းယူထားပြီး ဂိုး ၁၀၀၀ ပြည့်မြောက်ရန်လည်း ၈၄ဂိုးသာ လိုအပ်နေတော့သည်။

(အပေါ်ပုံ) (NGB)



## မန်ဒီ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၈**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား မန်ဒီ ကြွက်သားဒဏ်ရာကြောင့် ရက်သတ္တပတ်အနည်းငယ်ခန့် အနားယူရမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းက ဂျီရိုနာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

မန်ဒီ ဒဏ်ရာပြဿနာဖြင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၉)နှစ်အရွယ်ရှိ မန်ဒီသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၈၇ ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အပေါ်ပုံ)

(NGB)

## ပီပီလူ ဗီလာရီးရဲလ်အသင်းတွင် ဆက်ရှိသွားမည်

**မက်ဒရစ် ဒီဇင်ဘာ ၈**

ကွင်းလယ်ကစားသမား ပီပီလူ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာ ဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်ကြောင်း ဗီလာရီးရဲလ်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အဆိုပါ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၄င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ပီပီလူသည် ဗီလာရီးရဲလ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲ ၄၀ကစားပြီး ၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ဗီလာရီးရဲလ်အသင်းထုတ်ပြန်ချက်တွင် "ပီပီလူ အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



### ဘောလုံးသတင်းအတိုအထွာများ

* အယ်လ်အေဂလက်ဆီအသင်းသည် အမေရိကန်မေဂျာလိဂ် ဖလားအား (၆)ကြိမ်မြောက်အဖြစ် ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

* ချဲလ်ဆီးအသင်းသည် ဝက်ဖို့ဒ်အသင်း လူငယ်ကစားသမား အီဘူးဂျူနီယာအား ခေါ်ယူခဲ့သည်။

(NGB)

## လာမည့် ဆောင်းရာသီဈေးကွက်တွင် ကစားသမားသစ်များ ခေါ်ယူသွားမည်ဟု နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်း ပြောကြား

**လန်ဒန် ဒီဇင်ဘာ ၈**

နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်းက မိမိတို့အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

နယူးကာဆယ်အသင်းသည် လက်ရှိအချိန်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းကစားသမား ဂူဟီ၊ ချဲလ်ဆီးကစားသမား မူဒရစ်ခ်ျ အပါအဝင် ဥရောပလိဂ်မှ ကစားသမားအချို့အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နယူးကာဆယ်အသင်းနည်းပြ အက်ဒီဟောင်းက "လာမည့် ဆောင်းရာသီဈေးကွက်မှာ ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားမှာပါ။ ကျွန်တော်အနေနဲ့လည်း နယူးကာဆယ်အသင်းအား ရလဒ်ကောင်းတွေ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။



နယူးကာဆယ်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ၁၅ပွဲ ကစားအပြီးတွင် ရမှတ် ၂၀မှတ်ဖြင့် အဆင့် ၁၂နေရာတွင် ရပ်တည်ခဲ့သည်။

(အပေါ်ပုံ)

(NGB)

### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၀-၁၂-၂၀၂၄ နံနက် ၀၂:၃၀ နာရီ | (၁၄)ဝက်စ်ဟမ်း - ဝုဗ်(၁၉) (L,D,W,L,L) (D,W,W,L,L) | ဝက်စ်ဟမ်း ၃-၀ ဝုဗ် / ဝုဗ် ၁-၂ ဝက်စ်ဟမ်း | ဝက်စ်ဟမ်း(အိမ်) | ၇ | ၂ | ၁ | ၄ | ၁၀ | ၁၅ |
| | | | ဝုဗ်(ဧည့်) | ၇ | ၁ | ၂ | ၄ | ၁၁ | ၁၈ |

### အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၀-၁၂-၂၀၂၄ နံနက် ၀၂:၁၅ နာရီ | (၁၉)မွန်ဇာ - အူဒီးနီးစ်(၉) (L,L,L,D,D) (L,L,L,D,L) | မွန်ဇာ ၁-၁ အူဒီးနီးစ် / အူဒီးနီးစ် ၁-၁ မွန်ဇာ | မွန်ဇာ(အိမ်) | ၇ | - | ၃ | ၄ | ၅ | ၉ |
| | | | အူဒီးနီးစ်(ဧည့်) | ၇ | ၁ | ၂ | ၄ | ၈ | ၁၃ |

### အရှေ့တောင်အာရှ ချန်ပီယံရှစ်(မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ (အုပ်စု-ခ)ပွဲစဉ် — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ် |
|---|---|---|
| ၉-၁၂-၂၀၂၄ တနင်္လာနေ့ | ည ၇:၀၀ နာရီ သုဝဏ္ဏကွင်း | မြန်မာ - အင်ဒိုနီးရှား |
| ။ | ည ၇:၃၀ နာရီ | လာအို - ဗီယက်နမ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၆)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၀-၁၂-၂၀၂၄ နံနက် ၀၂:၃၀နာရီ | (၁၇)ဂီတာဖေး - အက်စ်ပန်ညို(၁၈) (D,L,L,W,L) (L,L,L,L,W) | ဂီတာဖေး ၁-၂ အက်စ်ပန်ညို / အက်စ်ပန်ညို ၁-၀ ဂီတာဖေး | ဂီတာဖေး(အိမ်) | ၈ | ၂ | ၅ | ၁ | ၇ | ၄ |
| | | | အက်စ်ပန်ညို(ဧည့်) | ၇ | - | ၁ | ၆ | ၄ | ၁၇ |

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးလှံတံပစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦးယှဉ်ပြိုင်နေစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး မသန်စွမ်းအမျိုးသားထိုင်လျက်ဘော်လီဘော ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး မသန်စွမ်းအမျိုးသား မီတာ(၁၀၀) အပြေးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးကြက်တောင်ရိုက်ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်မှုမြင်ကွင်း



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ပဲခူးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသမီးလက်ဝှေ့ပြိုင်ပွဲတွင် ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ ယှဉ်ပြိုင်ထိုးသတ်ကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘော်လီဘောပြိုင်ပွဲတွင် ကချင်ပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။




ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားခြင်းလုံးပြိုင်ပွဲတွင် ကရင်ပြည်နယ်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဓာတ်ပုံ- အလင်းသစ်၊ လင်းရာမ

ဝတ္ထုတိုကဏ္ဍ

# တောင်စွယ်ရိပ်က စိတ်တောလေ

တောချိုသာ



၂-၁၂-၂၀၂၄ ရက်စွဲ စာမျက်နှာ၁၄ မှ အဆက်-

"အစ်ကိုက ဘာလုပ်နိုင်မှာမို့လဲ ခမ်းစယ်ရယ်၊ လျှောက်ရှာပေးရအောင် ဒီမြို့သားလည်း မဟုတ်၊ ပြီးတော့ နောက်နေ့ အောင်ပန်း ပြန်ဆင်းရမှာလေ ညီမရဲ့" အားငယ်သော မျက်နှာဖြင့် "ဟိုလေ ဟို ရှာသင့်တာလည်း ရှာပြီးပြီဆိုတော့၊ ဟို အစ်ကိုက ပုတီးအမြဲစိပ်နေသူဆိုတော့ တစ်နည်းတစ်ဖုံလေးများ ကူညီပေးနိုင်မလားလို့ပါ အစ်ကိုရယ်"ပြောပြောဆိုဆိုပင် သူ့မျက်ဝန်းထက်မှ လိမ့်ကျလာသော မျက်ရည်ကို သုတ်လျက် အားကိုးတကြီးကြည့်နေရှာသည်။

အေးပါ အေးပါ စိတ်မပူနဲ့ ဟုတ်လား မငိုနဲ့တော့နော် ကြိုးစားကြည့်တာပေါ့ ညီမရယ်"ဟု နှစ်သိမ့်လိုက်ရသည်။ ပြောသာပြောရသည်။ ဘာကစလုပ်ရမည်ကို ကိုဘုန်းခင်ဗျာ စဉ်းစား၍မရ။ သို့သော် တစ်ဖက်လူကလည်း ယုံကြည်မှုအပြည့်ဖြင့် အားကိုးတကြီး အကူအညီတောင်းနေချေပြီ။ ကိုဘုန်း စဉ်းစားရချေပြီ။ ဘူတာ၏ ခရီးသည်နားနေရာခုံတန်းလျားကို မှီလျက် မျက်စိကို အသာမှိတ်ကာ ဖြည်းဖြည်းချင်း စဉ်းစားပြီးနောက် အာရုံ၌ ပေါ်လာရာတစ်ခုချင်းအား ဉာဏ်ကို လွှာလျက် တွက်ဆနေမိသည်။

ခမ်းစယ်၏ ညီမနာမည်နှင့် မွေးနေ့ကို မေးလျက် "အစ်ကို ပုတီးစိပ်ရင်း မေတ္တာပို့ထားလိုက်မယ်။ ပြီးတော့ ခမ်းစယ်အမေကို အကူအညီတောင်းရမှာ ဖြစ်ပါ့မလား မသိဘူး" "ရပါတယ် အစ်ကို ပြောပါ" "သူ့ဓာတ်ပုံရှိလား" "အင်း" သူ့ဓာတ်ပုံလေးကို ကြည့်ပြီးတော့ ခမ်းစယ် အမေက ညီမလေး ငယ်ငယ်တုန်းက စိတ်ကောက်ရင် ချော့သလို ချော့ပြီးတော့ စကားတွေပြောပြီး ညကျ ဟိုးအရင်တုန်းကလို သမီးလေးကို ကြင်ကြင်နာနာ ချော့သိပ်တဲ့ပုံစံမျိုးနဲ့ ဓာတ်ပုံလေးကို ဘေးမှာထားပြီး သူနဲ့အတူ အိပ်ရမယ်၊ လုပ်နိုင်ပါ့မလား"

"လုပ်နိုင်ပါတယ်"

"ပြန်ရောက်မလာမချင်းနော် ညီမ"

"ဟုတ်ကဲ့ ဟုတ်ကဲ့"ဟု ပြောကာ ခမ်းစယ် ပြန်မည်အလုပ်၊ ကိုဘုန်းသည် တစ်ခုခုကို သတိရဟန်ဖြင့် "ခဏလေး" ခမ်းစယ် ရပ်သွားပြီး ပြန်လှည့်လာသည်။ ညီမတို့ကလေးများကိုများ စိတ်အခန့်မသင့်တာများ ပြောမိဆိုမိရှိသလားဟင်" စဉ်းစားလျက် "စာမေးပွဲ မဖြေခင်က သူစာကျက်တာ အားမရလို့ တော်တော်လေး ဆူလိုက်မိတယ်။ တစ်ယောက်တစ်ခွန်း စကားများနေလို့ အဖေနဲ့ အမေကပါ သူ့ကို ဝိုင်းပြောတော့ သူတော်တော်စိတ်ခုနေတာတော့သတိထားလိုက်မိတယ်" "ဩော်" အငယ်ဆုံးမို့ ဝိုင်းချစ်ကြသဖြင့် အလိုလိုက်မိသည်ရှိသကဲ့သို့၊ ဆူပူမိသည်လည်းရှိကြမည်ဟု ကိုဘုန်း တွေးမိလိုက်သည်။ "အင်း ပြန်လာမှာပါ ခုနက အစ်ကို ပြောတာတော့ ပြန်မလာမချင်း လုပ်ပေးပါ အေးအေး သွားတော့ ထူးခြားတာရှိရင် ပြောဦး"ဟုဆိုစဉ် ခမ်းစယ်မှာ ခပ်သုတ်သုတ်ပြန်ချေပြီမို့ ကျောပြင်ပေါ်သို့ ဝဲကျနေသော လှုပ်ရမ်းနေသည့် ဆံစငယ်များနှင့် အလိုက်တသင့် မြင်လိုက်ရသည် ရှိတော့၏။

နောက်တစ်ခေါက် လွိုင်ကော်သို့ ရထားဆိုက်သောအခါ ဘူတာတွင် လာ၍ ကြိုနေသည်။

"ညီမလေး ပြန်တော့ရောက်ပြီ အစ်ကို"

"ဟေ ပြန်တော့ရောက်ပြီဆိုတော့ ဘာအဆင်မပြေသေးလို့လဲ ဟဲ့" မိမိအိတ်ကို ကူဆွဲရှာရင်း "ကျွန်မတို့ကို စကားမပြောဘူး အစ်ကို" "ဩော်" စိတ်မပြေရှာသေးဘဲကိုး"

ပြန်လာသည်ကိုပင် ကျေးဇူးတင်နေရသော်လည်း စကားမပြောဘူးဆိုချင်းမှာ သူ၏ညီမစိတ်ဝယ် ကျေကျေနပ်နပ်ရှိဟန်မတူဟု ယူဆမိသည်။

"ဘယ်တွေသွားတာတဲ့လဲဟဲ့"

စကားမပြောပါဘူးဆိုမှ အစ်ကိုကလည်း"

"ဩော် အေး ဟုတ်သားပဲ"

နှစ်ယောက်သားရယ်ပင် ရယ်ရသေးသည်။ သို့သော် ရယ်၍ မပြီးသေး ဆက်လက်အကြံထုတ်ရပေဦးမည်။ သူလေး စိတ်တွင် ကျေကျေနပ်နပ်မရှိသဖြင့် နောက်တစ်ကြိမ်ပြန်လည် ထွက်ခွာနိုင်ဖွယ်ရာရှိသည်။ နောက်တစ်ကြိမ် ထွက်ခွာပါကလည်း ဤသို့ပြန်လာလိမ့်မည် မဟုတ်ဟု တွေးမိသည်။

"အင်း ခမ်းစယ်ရဲ့ ညီမက ရင်တွင်း အငြိမ်းဓာတ်လိုနေတာဖြစ်မယ်။ မိသားစုကို စာမေးပွဲမဖြေခင်က စိတ်တစ်ခုခု မကျေချမ်းတာရှိလိမ့်မယ်။ စာမေးပွဲ ဖြေဖြောင့်ဖြောင့်တန်းတန်းဖြေပေးတာကိုပဲ ကျေးဇူးတင်ရသေးဟေ့။ ဟုတ်ပြီ ဟုတ်ပြီ" ဟု ကိုယ့်ဖာသာ ရေရွတ်ရင်း အကြံထုတ်နေသူမှာ ကိုဘုန်းပင်။

"သူငယ်ချင်းတွေနဲ့ ဘုရားလေး ဘာလေး သွားဖူးခိုင်းပါလား" စဉ်းစားနေရင်း "အေး ဟုတ်ပြီ မြကလပ်တောင်က ဆရာတော်ကြီးကို သွားဖူးခိုင်းပါလား ဆရာတော်ကြီး မေတ္တာဓာတ်နဲ့ ဆိုရင်တော့ အေးချမ်းမှာ အမှန်ပဲ ညီမရေ"

ခမ်းစယ် မျက်နှာလေးသည် ပြုံးရွှင်သွား၏။ သချ်ာတစ်ပုဒ်၏ အဖြေကို ရရှိလိုက်သော ကလေးငယ်ပမာ "အစ်ကိုရေ အဲဒါမစဉ်းစားမိဘူး ကျေးဇူးနော် အစ်ကို"ဟု ဆိုကာ လက်လေးတပြပြနှင့် ဆည်းဆာရောင်ခြည်အောက်တွင် ပျောက်ကွယ်သွားလေသည်။

(၄)

လွိုင်ကော်ဘူတာသို့ ရထားဆိုက်သည်နှင့် ခပ်လှမ်းလှမ်းကပင် "အစ်ကိုရေ အစ်ကိုရေ"ဟု ခေါ်လျက် လက်ရန်းပြနေသော ခမ်းစယ်ကို တွေ့လိုက်ရသည်။ သူ့နံဘေးတွင်တော့ သူ့ညီမဟု ထင်ရသော ကောင်မလေးတစ်ယောက်က ရပ်လျက် ပြုံးပြနေသည်။

"အစ်ကို ညီမလေးလေ"

"အချောလေးပါလားဟေ့"

ကိုဘုန်း၏စကားအဆုံးတွင် သူကလေးရှက်နေရှာသည်မှာ ဆိုဘွယ်ရာမရှိ။

"ထမင်းကျွေးချင်လို့ လာစောင့်နေတာ အစ်ကိုရေ့"ဟု ဆိုသဖြင့် ကိုဘုန်းသည် တည်းခိုဆောင်သို့ အမြန်ပြေး၍ ရေမိုးချိုးအဝတ်အစားလဲ၍ ထွက်ခဲ့လေသည်။

ငါးထမင်းနယ်၊ အာလူးထမင်းနယ်၊ ခရုစွပ်ပြုတ်၊ အမဲကြော်၊ ပဲပုပ်ထောင်း၊ ခါချဉ်ထောင်း၊ ဂျုံးပဲပုပ်၊ ကယား ဝက်အူချောင်းကြော်၊ ကြက်သားမီးအုံး၊ ငရုတ်သီးချက်၊ ဆေးခါးကြီးဟင်းချို စသည် ဟင်းများက စုံလှသည်။ ကိုဘုန်းမှာ ဝက်သား၊ အမဲသားမစားသဖြင့် သူတို့က အားနာနေကြသည်။ သို့သော် စေတနာရှင်၏ သဒ္ဓါတရားထက်သန်မှုကြောင့် ထမင်းက မြိန်လှသည်။ သူတို့မိသားစုမှာ ရိုးသားဖြူစင်သော မိသားစုဖြစ်သည်နှင့် အညီ ဖော်ရွေလှသည်။ မိတ်ရင်းဆွေရင်းအဖြစ် သတ်မှတ်ကာ ရေရှည်ပေါင်းသင်းရန် သင့်တော်သော မိသားစုမျိုးပင်။

ဤသို့ဖြင့် နောင်တွင် ခမ်းစယ်နှင့် တွေ့သည့်အခါ ညီမငယ် စိတ်ကောက်ရသည့် အကြောင်းရင်းကို မေးကြည့်သည့်အခါ ခမ်းစယ်မှ "နင်က ကိုယ့်ကိုယ်ကိုယ် သူစိမ်းတစ်ယောက်လို ခံယူထားလို့ ပြန်ပြောတာလား၊ သူစိမ်းတစ်ယောက်ကို ခေါ်မွေးစားရင်တောင် ငါ့ကို ပြန်ပြောမှာ မဟုတ်ဘူး"ဟု ပြောခဲ့မိသောကြောင့်ဟု သိရသည်။ ခမ်းစယ်၏ ညီမလေးသည် သွေးသားကင်းကွာသော သမီးတစ်ယောက်ဖြင့် မဟုတ်တန်ရာ။ ခမ်းစယ်ကအမေနှင့်တူ၍ ချောသော်လည်း သူ၏ ညီမလေးမှာ အဖေနှင့်တူ၍ သူ့လောက်တော့ မချောပါ။ "သူစိမ်း"ဟူသော စကားသည် သူမအား အတော်စိတ်ထိခိုက်မိလေဟန်ရှိသည်ဟု တွေးမိသည်။ စကားများသည့်နေ့က ထိုစကားသည် သူ့နှလုံးသားကို ပြင်းပြင်းထန်ထန် ထိုးနှက်ဟန်ရှိသည်။ စာမေးပွဲပြီးသောအခါ အဝတ်အစားတစ်စုံသာယူလျက် သူလေးအပေါ်၌ အစစအရာရာကောင်းရှာသော အတန်းတူယောကျ်ားမိန်းလေး၏ ရွာသို့ အလည်လိုက်သွားခြင်းဖြစ်သည်။ သို့သော် တကယ်တမ်းခွဲနေရသောအခါ တွင်လည်း မိသားစု၏ နွေးထွေးမှုကို သူတမ်းတမိသဖြင့် ပြန်လာခဲ့သည်။ စိတ်ဝယ် အစစအရာရာ အလိုလိုက်ခြင်းခံထားရသူမို့ မာန်က မလျှော့ချင်။ သည်တော့စကားမပြော။ မြကလပ်ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ပြီးမှသာလျှင် စိတ်အကြည်ဓာတ်ရကာ မိသားစုအပေါ် ပြန်လည်ခင်တွယ်လာခဲ့လေ၏။ အထူးသဖြင့် သူ့အစ်မဖြစ်သော ခမ်းစယ်ကို သူမကျေချမ်းရှိနေခဲ့သော်လည်း သူ၏ပညာရေးအဆင့်မြင့်မားရေးအတွက် ဈေးတကာတွင် ငါးရက်တစ်ပတ်လည်ကာ ဈေးရောက်လျက် ကျွေးမွေးရှာသော အစ်မတို့ကို ပြန်လည် မြင်ယောင်လာသောအခါ မိမိစိတ်တွင်းမှ အကြိမ်ကြိမ်ကန်တော့ရင်း တောင်းပန်မိသည်ဆို၏။

ကိုဘုန်း တစ်ယောက်တည်း သူကိုယ်တိုင် ပါဝင်ပတ်သက်ခဲ့ရသော သင်ခန်းစာယူဖွယ် ဇာတ်လမ်းတစ်ပုဒ်အတွက် ကျေနပ်မိလေသည်။ စိတ်ထားမရင့်ကျက်မီကာလ၊ သွေးသားပြောင်းလဲစ အချိန်ကာလမျိုးတွင် အုပ်ထိန်းသူများအနေဖြင့် ဆုံးမစကား ပြင်းထန်သောစကားလုံး၊ နာကြည်းဖွယ်ဖြစ်သော စကားလုံးများကို ရှောင်ရှားသင့်ကြောင်း ကိုဘုန်း သင်ခန်းစာယူမိလေသည်။ နောင်သော် ခမ်းစယ်၏ မိဘများမှာလည်း ကိုဘုန်း၏ ဖြူစင်သော စိတ်သဘောထား၊ တည်ကြည်သော စာရိတ္တကို သိမြင်သဖြင့်၊ တလေးတစားပင် ဆက်ဆံကြရင်းမိသားစုသဖွယ် သံယောဇဉ်ရှိကြလေ၏။

တောရိပ်သည် လှ၏။ တောင်ရိပ်သည် အေးမြ၏။ သို့သော် တောတောင်တို့၏ အတွင်းကျကျနေရာ အချို့တွင် ပရိယာယ်သည် ရှိ၏။ မြိုသိပ်မှုသည် ရှိ၏။ ထိုနည်းတူစွာ မြီးကောင်ပေါက်စ အရွယ် လုံမငယ်လေးတို့၏ ရင်တွင်း၌လည်း .......။

## အလှအပရေးရာ ဆေးပညာသင်တန်း ပဉ္စမအကြိမ် မိတ်ဆက်

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးမြို့တွင် စတင်ဖွင့်လှစ်သွားမည့် Aesthetic Dermatology Training Course သည် One Stop Service တွေ လူကြိုက်များလာသည့်အချိန်တွင် Aesthetic Training တွေထဲမှာ One Stop Training Course လို့ ပြောရလောက်အောင်ထိ အလွန်ပြီးပြည့်စုံသည့် RBL Training Center (Royal Beauty Land)မှ ကျင်းပပေးမည့် Basic Dermatology & Aesthetic Medicine Course သင်တန်းများနှင့်ပဉ္စမအကြိမ် မိတ်ဆက်ခြင်းဖြစ်သည်။

အလှအပရေးရာဆေးပညာကို စိတ်ဝင်စားပြီး စာတွေ့ရော၊ လက်တွေ့ရော စုံစုံလင်လင် လေ့လာသင်ကြားခွင့်ရမည့် "4 Day Lectures and Hands on Training Course"ကို ဒီဇင်ဘာ ၁၁ ရက် မှ ၁၄ ရက်အထိဖြစ်ပြီး ကြိုက်နှစ်သက်ရာခေါင်းစဉ်ရွေးချယ်၍ နေ့အလိုက် တက်ရောက်သင်ကြားနိုင်သည်။ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၆၃ လမ်း၊ လမ်း၃၀နှင့်၃၁လမ်းကြားတွင် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ သင်ကြားပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပြီး သင်တန်းတွင် Day-1:Basic Dermatology & Chemical Peeling,Day-2: PRP,Laser and Light Treatment, Day-3:Botox and Thread Lifting,Day-4:MD Codes™&Filler Injection သင်ကြားပြသပေးမည်ဖြစ်သည်။

သင်တန်းသူ၊ သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ၊ Training Note စာအုပ်နှင့် ဘောလ်ပင်၊ မှတ်ရန်စာရွက်၊ Coffee Break, Lunch and Snacks အပြင် RBL Training Centre Certificate လက်မှတ်များ ပေးအပ်သွားမည်။ သင်ကြားပြသပေးမည့် ဆရာဝန်များမှာ အလှအပရေးရာဆေးပညာလောကတွင် (၁၀)နှစ်ကျော် အတွေ့အကြုံရှိသော ဆရာဝန်များဖြစ်သည့် Dr. Lwin Moe Ag (Founder of Grace Aesthetics Clinic) နှင့် Dr. Phyo Nyi Nyi Ag (Founder of The Skin Clinic) တို့က အနီးကပ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)(မန္တလေးနေ့စဉ်-၃)**





## ဗုဒ္ဓမြတ်စွယ်တော် လင်းလွန်းဥယျာဉ်သို့ ဘုရားများနှင့် ထီးလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးမြို့ တောင်စလင်းတိုက်သစ် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကိတ္တိ အဘိဇမဟာရဋ္ဌဂုရု ဦးဆောင်သည့် ဗုဒ္ဓမြတ်စွယ်တော်ရှိ လင်းလွန်းဥယျာဉ်တော်အတွက် ဘုရား၊ ထီးတော်နှင့် ဗောဓိပင်များ လှူဒါန်းနေပါသည်။ ဘုရားတစ်ဆူ ငွေကျပ်ခုနစ်သောင်း၊ ထီးတော်တစ်လက် ငွေကျပ်ခြောက်သောင်းငါးထောင်ဖြင့် ရပ်ဝေးရပ်နီးမှ လှူဒါန်းကုသိုလ်ပြုလျက်ရှိကြရာ မန္တလေး ပြည်ကြီးတံခွန်မြို့သစ်နေ အလှူရှင် ဦးသန်းဝင်း+ဒေါ်စန်းမြင့် (သမီး)မခင်မာဝင်း၊ (မြေး)သန့်သော်တာဦး မိသားစုက ဘုရားနှင့် ထီးတော်တစ်လက်၊ မန္တလေး ချမ်းမြသာစည်မြို့နယ် အောင်သာယာနေ အလှူရှင် ကွယ်လွန်သူများအားရည်စူး၍ ဦးကျော်သူ+ဒေါ်အုံးမြ မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးမျိုးမင်းအေး+ဒေါ်ကြင်ကြင်နဲ့ မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး ပြည်ကြီးမျက်ရှင်ရပ်နေ အလှူရှင် ဒေါ်ခင်မမတင်အား ရည်စူး၍ ဦးတင်အေး(အေးချမ်းသာ) မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး ပြည်ကြီးမျက်ရှင်ရပ်နေ အလှူရှင် မိခင်ကြီး ဒေါ်ခင်မမတင်အားရည်စူး၍ ဒေါ်သစ်သစ်အေး(အေးချမ်းသာ) မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး ချမ်းအေးသာစံမြို့နယ်နေ အလှူရှင် ဦးတင်အောင်လင်း+ဒေါ်ထိုက်ထိုက်အေး မိသားစုက ဘုရားတစ်ဆူအား ယမန်နေ့က အသီးသီး လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (ကဆ)**

ပတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး နေ့စဉ်

## ချစ်မိတ်ဆွေများသို့ လွမ်းချင်း

* မေတ္တာစပ်သော အမျိုးအဆွေ
ပဋ္ဌာန်းဆက်ကြောင့် ဆုံတွေ့နေ။
* ညီအစ်မရင်းတမျှ သိပ်ချစ်ကြ
စိတ်တူကိုယ်တူ မိတ်သင်္ဂဟ။
* သဘာဝရဲ့ လောကဓံ
ချစ်မိတ်ဆွေများ ဝန်းဝိုင်းရံ။
* ဘဝတိုက်ပွဲ ရင်ဆိုင်နွှဲ
အတူလက်တွဲ ဖြေရှင်းမြဲ။
* ငိုလည်းအတူ ရယ်အတူ
နှစ်ကိုယ့်တစ်စိတ် ချစ်ရည်တူ။
* ငါးဆယ်နှစ်ပေါင်း ချိန်ကြာညောင်း
တစ်သက်တာရဲ့ မိတ်ဆွေကောင်း။
* သူ့လိုအပ်ချက် ကိုယ်ဖြည့်စွက်
ကိုယ့်လိုအပ်ချက် သူကူလျက်။
* အမျက်အဒေါ် မရှိပြီ
စေတနာသဒ္ဓါ ထပ်တူညီ။
* ဘုရားစုံဖူးရင်း ပျော်ရွှင်ကြ
သုတ ရသ ဒေသန္တရ။
* ဆည်းဆာအလှ မြစ်ရေ
နာဝါလှေစီး ကြည်နူးစရာ။
* ဘုရားကျောင်းကန် အတူသွား
လှူဒါန်းမှုနဲ့ ဘဝနာပွား။
* ဘဝဆက်ဆက် ဆုံစေသား
ပဋ္ဌာန်းဆက်က ညီအစ်မများ
ဘုရားပေးတဲ့ ဆုလာဘ်တစ်ပါး။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**

## အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၁)အခြေခံပညာထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးအောင်မြသန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ပညာရေးမှူး ဒေါ်မော်မော်က စာဖတ်ရှိန်မြှင့်တင်ရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာရွှေညာမြေ မြတ်သင်းကြိုင်က လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး ခေါင်းစဉ်ဖြင့် အသိပညာပေးပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုပြုံးက လူငယ်စကားဝိုင်းကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားပြီးနောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပသည်။ အဆိုပါ လူငယ်စကားဝိုင်းတွင် ဦးစီးအရာရှိ ဒေါ်ယုယုအောင်က ဦးဆောင်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့် စာရိတ္တခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် အဆိုပါ လူငယ်စကားဝိုင်းတွင် တက်ရောက်လာကြသည့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ ခရိုင်ပညာရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာရွှေညာမြေ မြတ်သင်းကြိုင်နှင့် တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များ၊ နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ (၄၆၉)



# သတင်းပဒေသာ

## ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ခရမ်းစပ်ကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နီဝင်းက အသိဉာဏ်ပညာဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ဗလငါးတန်နှင့်ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ နောင်တစ်ချိန်တွင် နိုင်ငံ့တာဝန်ကိုယူကြမည့် လူငယ်များ အလုပ်အကိုင်၊ အတွေးအခေါ်၊ အယူအဆများမှန်ကန်စေရန် စသည်ဖြင့် လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ တိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၌ အသက်နှစ်လမှ တစ်နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ တိုက်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၈နာရီက မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ ဆောင်ရွက်ခဲ့သည်။ အဆိုပါ ကာကွယ်ဆေးထိုးခြင်း၊ တိုက်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ်အတွင်းရှိ အသက်နှစ်လမှ တစ်နှစ်ခွဲအောက်ကလေးငယ်များ လစဉ်တစ်လခြား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်း၊ တိုက်ကျွေးခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်း ဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ မိခင်ကလေးကျန်းမာရေးဌာနတွင် ယမန်နေ့ နံနက် ၉ နာရီမှစ၍ ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံရာတွင် ခန္တီးမြို့ပေါ်ရပ်ကွက်၊ ကျေးရွာများမှ မွေးစကလေးငယ်များ၊ (၂)လအရွယ်၊ (၄)လအရွယ်၊ (၆)လအရွယ်၊ (၉)လအရွယ်၊ (၁)နှစ်ခွဲအရွယ်ကလေးငယ်များအား အသက်အရွယ်အပိုင်းအခြားအလိုက် ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယိုကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)-ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးများကို မိခင်ကလေးကျန်းမာရေးဌာနမှ ဝန်ထမ်းများက ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## လူငယ်စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၌ ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများ၏ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၃ရက် နံနက်ပိုင်းက အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။ ကလေးမြို့ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားသည်။ ကလေးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတွာလ်ဆွင်းဗန်က ဗလငါးတန်ဖွံ့ဖြိုးလာစေရန် လူငယ်စကားဝိုင်း ကျင်းပခြင်း၏ ရည်ရွယ်ချက်များကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

---

## YEC ရတနာပန်းခင်းပရဟိတမိဘမဲ့ကျောင်းအတွင်း (ဒုတိယ)အကြိမ်အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြောက်ဥယျာဉ်ရပ်ကွက်၊ အမှတ်(၂၅)ဘက၊ YEC ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းအတွင်း၌ နတ်တော်လဆန်း ၈ ရက်မှ ၁၂ ရက်အထိ လေးညငါးရက်တိုင်တိုင် ဒုတိယအကြိမ် နေ့ညမပြတ် အသံမစဲမဟာပဋ္ဌာန်းကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအား ကျင်းပသွားမည်ဖြစ်သည်။ (ဝ၆၁)



## ဝန်ထမ်းမိသားစုများ အပတ်စဉ် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈ လမ်းနှင့်လမ်း၇၀ကြားတွင် နေထိုင်သည့် ဝန်ထမ်းမိသားစုများမှ စုပေါင်း၍ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူ ကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော ဆရာတော်၊ သံဃာတော်များအား ယနေ့နံနက်ပိုင်းက (၁၀၈)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားချက်၊ ပဲတီ ချဉ်သုပ်တို့ကို ၃၆ လမ်းနှင့် ၆၉ လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ၂၅၀ကျော်တို့အား နံနက် ၅ နာရီခွဲမှ စတင်လောင်းလှူကြည်ညိုကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ ဆရာတော်၊ သံဃာတော်များ ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)



## ကထိန်လှူဖွယ် ပစ္စည်းများနှင့် နဝကမ္မငွေများ လှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ နယ်စပ်တောင်တန်းနှင့်ကမ်းရိုးတန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ တိက္ခအဘိဓဇမဟာရဋ္ဌဂုရု ဦး ဆောင်သည့် (၁၇)ကြိမ်မြောက် မဟာဘုံကထိန်တော်အတွက် ကထိန်ပဒေသာပင်များ စုစုပေါင်း ၁၀၀၀ ကျော်ကို လှူဒါန်းလက်ခံပြီးဖြစ်ရာ ထိုပဒေသာပင်များကို နယ်စပ်တောင်တန်းဒေသ အသီးသီးရှိ ပြည်နယ်တိုင်းဒေသများသို့ ဆက်ကပ်လှူဒါန်းမှုပြုလျက်ရှိရာ ချင်းပြည်နယ် တောင်ပိုင်း မင်းတပ်မြို့ မရှိန်လျော်ကျောင်းတိုက်သို့ ကထိန်တစ်ကျောင်း စာလှူဖွယ်နှင့်အတူ စောင်၂၅ထည်၊ ဆပ်ပြာမှုန့် ၅၀၊ နဝကမ္မအလှူတော်ငွေ ငွေကျပ် တစ်သိန်းတိတိကို ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)ဥက္ကဋ္ဌ ဦးလှဝင်းနှင့် အဖွဲ့က ပေးလှူရာ မရှိန်လျော်ကျောင်းတိုက် ဘဒ္ဒန္တ ဥာဏဝရက လက်ခံရယူသည်။

အလားတူ ချင်းပြည်နယ် မင်းတပ်ရှိ ရှစ်ဆရာတော်ကျောင်း၊ ကျော့တော်ကျောင်း၊ ခွီးရိပ်ကျောင်း၊ ဘုရားစခန်းကျောင်း၊ ကျော့တော်ကျောင်း(သစ်ချိုပင်)၊ ပန်အော့ကျောင်း၊ မကျုန်ကျောင်း၊ အန်လောင်းကျောင်း၊ တောင်ပုလုကျောင်း၊ ပလိပ်ထွီးကျောင်း၊ မလှိုင်ကျောင်းနှင့် ရိုကျောင်းတို့ကို တစ်ကျောင်းတစ်ပင်စာအဖြစ် ငွေကျပ်တစ်သိန်းတစ်သောင်းစီ အသီးသီးပေးလှူပြီးဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

(အပေါ်ပုံ)

(ကဆ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

မျက်စိလှူကြ
မျက်ကြည်ရ၊
မြတ်သည့်လှူဒါန်။

## မန္တလေးတက္ကသိုလ်ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ ငွေလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၈**

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးနှင့်ပတ်သက်သည့် ကိစ္စရပ်များ စဉ်ဆက်မပြတ်ထောက်ပံ့လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူဟောင်းများကလည်း ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူလှူဒါန်းလျက်ရှိသည်။

မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီသို့ ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ ကို ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီက သုရိန်နန်းကိုယ်ပိုင် အထက်တန်းကျောင်းတွင် ကျင်းပရာ မန္တလေးမြို့နေ ဦးထွန်းနိုင်+ဒေါ်ခင်ဝင်းကြည်မိသားစုက ငွေကျပ် ၅သိန်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်နေ ဦးတင်မောင်မြင့်+ဒေါ်ငွေငွေဝင်းမိသားစုက ငွေကျပ်တစ်သိန်း၊ ချမ်းအေးသာစံမြို့နယ်နေ ပါမောက္ခချုပ်(ငြိမ်း) ဦးကြီးမြင့်အား ရည်စူး၍ ဒေါ်မာလာမြင့်(မောင်)ဦးပိုမြင့်မိသားစုက ငွေကျပ်တစ်သိန်းတို့ကို လှူဒါန်းရာ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီ နာယကဦးတင်မောင်၊ ဥက္ကဋ္ဌ ပါမောက္ခချုပ်(ငြိမ်း)ဒေါက်တာသီတာဝင်းနှင့်ဘဏ္ဍာရေးမှူးဦးစိုးလွင်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့သည်။



မန္တလေးတက္ကသိုလ် ကျန်းမာရေးစောင့်ရှောက်မှုကော်မတီအနေဖြင့် အဖွဲ့တည်ထောင်သည့် မေ ၂၃ ၂၀၂၃ ခုနှစ်မှစ၍ ၂၀၂၄ခုနှစ် နိုဝင်ဘာ ၃၀ ရက်ထိ ဆရာ၊ ဆရာမကြီး စုစုပေါင်း ၃၂၀ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှု ဂါရဝပြုငွေကျပ် ၅၅၃သိန်း ပေးအပ်နိုင်ခဲ့ပြီး ဘဏ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော် စုဆောင်းထားရှိကြောင်း သိရသည်။

(ဓါတ်ပုံ)

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# ကျန်းမာရေးအထောက်အကူပြု လက်ဖက်ရည်ဝိုင်း

အားလုံးအားလုံးသော လူပုဂ္ဂိုလ်တို့သည် ပုထုဇဉ်များသာ ဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ ထိုပုထုဇဉ်တို့သည် သွေးသားဖြင့် တည်ဆောက်ဖွဲ့စည်းထားသူများဖြစ်၍ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏတို့ကို တဖြည်းဖြည်းနှင့် ချင်းနင်းဝင်ရောက်ပြီး ဖြတ်ကျော်ကြရပါမည်။ အဆိုတော်စိုင်းဆိုင်မော့ကလည်း ဇရာအို၏ အလွမ်းတေးသီချင်းထဲမှာ “ဇရာအိုရယ် အချိန်တွေခါနှောင်းပြီ အချစ်ရေ×××အပျော်လွန်ကျူးတဲ့ တို့ငယ်ငယ်ဘဝကို×××”ဟု သီဆိုထားပါသည်။ ဘဝ၏နေဝင်ထန်းတစ်ဖျားအရွယ်တွင် ကုန်လွန်ခဲ့သောအချိန်အား ပြန်လည်ပြီးတမ်းတ၍လည်း မရတော့ပါ။ ခန္ဓာကြောင့် ဇရာရှိပြီး၊ ဇရာကြောင့် ဝေဒနာရှိမည်ဖြစ်သည်။ ဝေဒနာကြောင့် ရောဂါအမျိုးမျိုးရှိမည် ဖြစ်ပါသည်။ ထိုဝေဒနာကြုံရသူတိုင်း နားလည်တတ်ကျွမ်းသည့်ဆရာဝန်ထံသာ ချဉ်းကပ်ကြရသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ လွန်ခဲ့သောလက ဒေါက်တာမိတ် ဦးဆောင်သည့် လက်ဖက်ရည်စကားဝိုင်းဆီသို့ ရောက်ဖြစ်ခဲ့သည်။ ဆရာက ၎င်းဝိုင်းကို ပင်စင်ယူသက်ကြီးအငြိမ်းစား ကျန်းမာရေးအထောက်အကူပြုဆေးဆရာကြီးများ လက်ဖက်ရည်ဝိုင်းဟု ကင်းပွန်းတပ် ထားပါသည်။ တစ်လတစ်ကြိမ်တွေ့ဆုံကြသည့် အင်္ဂလိပ်၊ မြန်မာ တိုင်းရင်းဆေးဆရာများ၏ ဝိုင်းလေးဖြစ်သည်။ ၎င်းအဖွဲ့သည် ကျန်းမာရေးအထောက်အကူပြုရုံမက ကျန်းမာရေး ဗဟုသုတကိုလည်း ကြွယ်ဝစေပါသည်။ ကျွန်တော် ယခုတက်ခွင့်ရနေရာသည် ယခင်ဖြောလက်ဖက်ရည်ဆိုင်တွင် မဟုတ်တော့ဘဲ၊ မန္တလေးမြို့ ဘုရားကြီးအနောက်မုခ်ဝင်း ပရိဝုဏ်အတွင်းရှိ (Unison) လက်ဖက်ရည်ဆိုင်တွင်ဖြစ်သည်။

နေရာက ဘုရားပရိဝုဏ်အတွင်းရှိပြီး ငြိမ်းအေးခြင်းကို ဖော်ပြနေသည်။ ရာသီက မိုးအကုန် ဆောင်းအကူး ဆောင်းအငွေ့အသက်ကြောင့် ဥတုပြောင်းရဲ့ဒဏ် ခံကြရသည်။ အငြိမ်းစားယူ သက်ကြီးအရွယ်အချို့ ကျန်းမာရေးစောင့်ရှောက်မှု ခံယူနေကြရသဖြင့် ပွဲတက်ဦးရေ ၂၀ ခန့်သာ ရှိနေသည်။ ပွဲစတင်သည်နှင့် နေရာအချို့ပြည့်လာပြီး အခမ်းအနားကို ဒေါက်တာမိတ်က ဦးဆောင်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ ပွဲတက်လာသူများတွင် ဆရာမဒေါ်မြင့်မြင့်သန်း၊ ဆရာ မင်းဏီလူ၊ ဆရာမခင်ခင်ဝင်း(ပညာရေး)၊ အမေအိမ်နုနုကြည်၊ ကိုတင်ထွန်း(ရွှေကူ)နှင့် ဝေမင်းသန့်တို့ဇနီးမောင်နှံတို့လည်း ပါလာကြသည်။ ဦးစွာ ပွဲစီစဉ်သူမှ ဆရာတစ်ဦးအား အခမ်းအနားမှူးအဖြစ် တာဝန်ပေးစေပြီး ကျန်အငြိမ်းစားယူ ပွဲတက်လာသူများအားတစ်ဦးချင်း မိတ်ဆက်ပေးပါသည်။ ယခုလအတွက် ကျန်းမာရေးအထောက်အကူပြု လက်ကမ်းစာစောင်များအား မျှဝေပေးပါသည်။ ၎င်းနောက် ဒေါက်တာဇော်ဝင်း(အရိုးအထူးကုဆရာဝန်ကြီး ငြိမ်း)က ၎င်းပေးထားသည့်စာစောင်မှ ဆရာအိုထံလာကြသော ဇရာအိုဝေဒနာရှင်များ (Common Orthopaedic Problems in eldery persons) အကြောင်း ဆွေးနွေးမှုပြုခဲ့ပါသည်။ ဆရာက ၎င်းဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံနှင့် ပေးလာသည့် ဘဝအတွေ့အကြုံများကို ပေါင်းစပ်ပြီး ရိုးသားစွာ ရှင်းလင်းပြသမှုက လေးစားစရာဖြစ်ကြရပါသည်။



ဆရာ၏ ရေးသားချက်နှင့် ဆွေးနွေးချက်က ဇရာအိုများအတွက် အသိပေးသံဖြစ်ရုံမက တံခါးခေါက် အချက်ပေးသံသာဖြစ်၍နေပါသည်။ ဆရာက အရိုးဆရာဝန်ဖြစ်သောကြောင့် မိမိထံလာပြသူလူနာထက်ဝက်သည် ဇရာအိုများသာဖြစ်ကြောင်း ဝန်ခံထားပါသည်။ ဇရာအိုများဖြစ်၍ ဝေဒနာအိုများကို နူတ်ဖြင့်ညင်သာစွာ ကုသပေးရသည်လည်း ရှိပါသည်။ မလွဲမသေ ကြုံရသဖြင့် အနာရှိပြီး အချို့ဆေးမရှိဖြစ်ရကြောင်း၊ အချို့ဝေဒနာများသည် စိတ်ဖြင့်ကုသရကြောင်း၊ အချို့အနေအထိုင် အစားအသောက်ဖြင့် ကုသရကြောင်း၊ အချို့ဆေးရှိသော်လည်း သာမန်သက်သာရုံလောက်သာ ကုသပေးလိုရကြောင်း ရှင်းပြလာသည်။ အထူးသဖြင့် ဇရာအရွယ်ဖြစ်ကြရသည့် ဝေဒနာက ကျီးပေါင်းရောဂါများဖြစ်ကြသည်။ ကျီးပေါင်းဆေးရှိပြီး လုံးဝဝေဒနာကို မပျောက်နိုင်ကြောင်း၊ ၎င်းဝေဒနာအတွက် ကြိုးဆွဲခဲဆွဲပြီး လေ့ကျင့်ခန်းလုပ်မှ သက်သာကြောင်း အချို့အစားအသောက်ဆင်ခြင်ရကြောင်း၊ အချို့ဒဏ်ရာအား ဆားကြက်ထုပ်ထိုးရကြောင်း၊ ဇရာအရွယ်မို့ အပြင်းအထန်လေ့ကျင့်ခန်းလုပ်၍ မရကြောင်း ဇရာအိုတို့အတွက် ဆရာကိုယ်တိုင်က စိတ်ရှည်စွာ ရှင်းပြပေးလာပါသည်။

အထူးသဖြင့် အသက်ကြီးလာရင် ခန္ဓာကိုယ်မှာရှိတဲ့ အရိုးမျက်နှာပြင်တွေက မချောမွေ့တော့ဘဲ မညီမညာနှင့် ကျီးပေါင်းဆိုသည့်(Osteophyte) အချွန်တွေ၊ အဘုတွေ ခန္ဓာကိုယ်၏နေရာအများမှာ ဖြစ်ပေါ်လာတတ်ပါသည်။ ဥပမာ လက်ဖဝါးနှစ်ဖက် ပွတ်တိုက်တာများများလုပ်ပါက အသားမာများ ဖြစ်လာတတ်ပါသည်။ အရိုးကလည်း နှစ်များစွာ ပွတ်တိုက်မှု(Friction)များပြီး မညီညာဘဲ အရိုးချွန်တွေ အရိုးမာတွေ ပေါ်လာတတ်ပြီး ကျီးပေါင်း(Osteophyte) လို ဖြစ်လာပါသည်။ လည်ပင်းရိုး၊ ခါးရိုး၊ ဒူးအဆစ်တွေနှင့် အရိုးမျက်နှာပြင်တွေမှာ နှစ်ပေါင်းများစွာ လှုပ်ရှားပွတ်တိုက်ပါ များလာတာကြောင့် ကျီးပေါင်းတွေပေါ်လာသည်။ အထူးသဖြင့် အဆစ်တွေမှာ ဝါရှာလို ခံထားတဲ့ အရိုးနုတွေလည်း ပါးသွားပြီး မညီမညာ အရိုးကျီးပေါင်းတွေ ထွက်လာတတ်ပါသည်။ ထွက်လာတာတွေ ပွတ်တိုက်ပြီး မချောမွေ့ဘဲ နာလာသည်။ ၎င်းသဘောက အာရုံကြော(Nerve)တွေ အရွတ်တွေကို ပွတ်တိုက်မိသည့်အခါ ရောင်ရမ်းနာကျင်စေတာ ဖြစ်သည်။ နောက်ဆုံးတော့ ပွတ်တိုက်မှုများပြီး (Nouritis)အာရုံကြောရောင်တာကြောင့် (pain, Spasm Tingling and Numbness)ရတာဖြစ်သည်။ သို့ပါ၍ လည်ပင်းကျီးပေါင်းတက်ပြီဆိုက ဇက်တက်၊ လက်ကျင်၊ လက်ကိုက်၊ လက်မသန်တာတွေ ဖြစ်ကြရသည်။ ခါးကျီးပေါင်းတက်ပြီဆိုက ခါးနာရုံမက ခြေထောက်ကျင်၊ ခြေထောက်ကိုက်၊ လမ်းလျှောက်မရ ကြုံကြရသည်။

ဤသို့ဖြင့် ခါးကျီးပေါင်းတက်ပြီဆိုရင် ခါးနာရတဲ့အကြောင်းရင်း(cause) အမျိုးမျိုးတော့ရှိတတ်ပြီး ခါးရိုးထိခိုက်ကျိုးပဲ့(ကင်ဆာ)ခါးရိုးတီဘီ၊ ခါးဆစ်ကြားက အပြားလေးကျွံတဲ့ (PID)၊ ကျောက်ကပ်ရောဂါ၊ အူမကြီးရောဂါ၊ သားအိမ်ရောဂါကဲ့သို့ အမျိုးမျိုးနာနိုင်ပါသည်။ ကျန်တဲ့ရောဂါတွေက လူတိုင်းမဖြစ်နိုင်ပေမယ့် ကျီးပေါင်းကြောင့်ဖြစ်သည့် (Lumber spoondylosis) ကတော့ လူတိုင်း အသက်ကြီးရင် ကြုံရမှာပါပဲ ဖြစ်သည်။ ဆေးကုသပေးတဲ့ ဆရာဝန်တိုင်းလည်း ၎င်းဝေဒနာတွေ ခံစားရနိုင်ပါသည်။ ထို့ကြောင့် အသက်ကြီးလာခဲ့ရင် ဆံပင်ဖြူ၊ မျက်လုံးမွဲ၊ နားထိုင်းလို့ သွားမကောင်းတာအပြင် ကျီးပေါင်းကပါ အစစ်ဖြစ်လာတတ်ပါသည်။ အရာရာပြုပြင်လို့ရလည်း ခေတ္တခဏပါပဲ။ ဥပမာ ဆံပင်ဖြူတာ လူကြားအမြင်ကောင်းရန် ဆေးဆိုးလည်း ခဏပါပဲ။ မျက်လုံးမွဲ မသဲကွဲလို့ မျက်ကပ်မှန်ကူလည်း တဒင်္ဂပါပဲ။ နားထိုင်းလို့ စက်ကူကြားရလှလည်း ခဏတာပါပဲ။ ထို့အတူ စားမကောင်းလို့ သွားအတုကူငယ်သူလို ဝါးမကောင်းတာလည်း လျှာကသိနေပြန်သည်။ သို့ပါ၍ အရာရာပြုပြင်ပြီး နေရသမျှဇရာရဲ့ဘဝမှာ ဟန်မကျတာတွေက များတာမို့ သတိလည်းမူ အရှိတရားကို မမြဲတဲ့အနိစ္စလို့သာ သတ်မှတ်ကြရမည် ဖြစ်သည်။

သို့ဖြစ်၍ ဇရာအိုများ ဆရာအိုထံ မရောက်ရဖို့ အနေအထိုင် အစားအသောက်ကို ဆင်ခြင်ပြီးနေမှ တော်ရုံကြမည် ဖြစ်သည်။ ကျီးပေါင်းမဖြစ်ဖို့ အစားအသောက်ဆင်ခြင် ခေါင်းအုံး၊ အိပ်ရာအပြင်အဆင်ကလည်း အရေးပါပါသည်။ ခါးနာ၊ ခါးအောင့်ဖြစ်စေဖို့ အိပ်ရာအထမှာ ဘေးစောင်းကာ ထရမည်။ ပစ္စည်းကောက်၊ ခွက်ကောက်တာအစ ဒူးညွတ်ကာ ကောက်ယူရမည်။ ရေချိုးဆင်ခြင် ဒူးခါးပြင် ရေဆင်းပြီးမှ ချိုးရမည်။ အစားအသောက်အမာလည်း ဆင်ခြင်ပြီး ညဉ့်နက်မှ ထမင်းစား ရှောင်ရသလို လူကြားမှာပါးစောင်ကို လက်ညှိုးထိုး အစာဟောင်း မထုတ်မိအောင် ရှောင်ကြဉ်ရမည်။ ပါးစပ်မအုပ်ဘဲ သွားကြားထိုး အစားဟောင်းထုတ်တာမျိုး မလုပ်မိဖို့လည်း အရေးကြီးပြန်သည်။ နားမကြားက စက်ကိုသုံး၊ သွားစရာ အားလုံးအဖော်အဖြစ်တုတ်သုံးသွားမှ တော်ရုံကြသည်။ သောက်နေကြဆေး ဖြတ်မပစ်ဖို့နှင့် ရောဂါကြီးကြီးမားမားရှိသူက ဆင်ခြင်၍နေမှ တော်ရုံကြပါသည်။ ဇရာအရွယ် ပြုစုပေးရန် မလွယ်သမို့ သူတို့အတွက်သားသမီးနယ် အဖော်ကောင်းလည်း လိုနေကြသည်။ အရွယ်ကရ ဇရာကကျလာပြီမို့ ထင်ရာစိုင်းပြီး အလိုမကျ ဖြစ်တတ်ကြသည်။ သိမ်းမနိုင်ထိန်းမရအရွယ်မို့ သားသမီးဆိုးနှင့် ရင်ဆိုင်ရပြီဆိုက လူပိုဟုဆိုကာ စွန့်ပစ်ခံကြရသည်။ အချို့လည်း သည်းခံမှုအား နှစ်သိမ့်ပေးလိုတဲ့အား မရှိကြ၍ လူအိုရုံကို ပို့ခံကြရသည်။ အမှန်အားဖြင့် အရွယ်မလှတဲ့ ဇရာကျ အဘိုး၊ အဘွားတို့သည် စိတ်ဓာတ်၊ ခွန်အားကြံ့ခိုင်နေစေဖို့ ၎င်းတို့ကို ပြုစုပေးနေသူသာ အခရာကြနေပါသည်။ မိမိသည် ဤစာကို ဖတ်ရှုနေချိန် ဇရာအရွယ်ရောက်နေပြီလား၊ မရောက်သေးက သတိမူပြီး ပြင်ဆင်ထားရပါမည်။ မိမိကိုယ်တိုင်ပြုစုပေးရသူဖြစ်က အဘိုး၊ အဘွား၊ အဖေ၊ အမေအိုကို မိမိသားသမီးကဲ့သို့ စောင့်ရှောက်နှစ်သိမ့်မှု ပေးကြရပါမည်။ မလွဲမရှောင်သာမှသာ ဇရာအိုကို ဆရာအိုထံသို့ ပို့၍ ကုသပေးကြရပါမည်။

ထိုနေ့ ဆရာ ဦးဇော်ဝင်း၏ ဆရာအိုထံလာတဲ့ ဇရာအိုများအကြောင်းကို ထပ်ဆင့်ဖြည့်စွက်ဆွေးနွေးသူများထဲမှ ဆရာ ဦးတင်အောင်လွင်၊ ဆရာ ဦးဇော်နိုင်၊ ဆရာ ဦးမြင့်လွင်တို့ကလည်း ဇရာအရွယ်နှင့် ဆက်စပ်နေသည့် “ကံစိတ်ဥတုအာဟာရ”အကြောင်း ဆွေးနွေးကြပါသည်။ ထိုနေ့ နံနက်ခင်းအတွက် ပင်စင်ယူသက်ကြီးကျန်းမာရေး အထောက်အကူပြု လက်ဖက်ရည်ဝိုင်းလေးသည် စိုပြည်သည်သာ ပို၍ စိုပြည်ခဲ့ပါသည်။ ဇရာအိုများအတွက် (Original) အပိုပစ္စည်း (နှလုံး၊ ကျောက်ကပ်၊ အသည်း) စသည်တို့သည် အပိုမရှိသလို ပြန်၍ ငယ်သွားစေရန် “နတ်ရေကန်”လည်းမရှိပါ။ သို့ပါ၍ သတိအသိဖြင့် ဆင်ခြင်ပြီး ရတနာသုံးပါး မမေ့ဖို့နှင့် ငါးပါးသီလ လုံခြုံရေးသည်သာ နတ်ဆေးတစ်ပါးဖြစ်ကြောင်း တင်ပြရင်း ဒေါက်တာမိတ် ဦးဆောင်သော(သက်ကြီးအငြိမ်းစားကျန်းမာရေးအထောက်အကူပြု)ဆရာများအဖွဲ့ကို ကျေးဇူးတင်ပါသည်ဟု ရေးသားလိုက်ရပါသည်။

**အိုးဝေ (မြေနီကျင်း)**

## ဒေါ်နယ်လ်ထရမ့်နှင့် ဝေလမင်းသား ဝီလျံတို့နှစ်ဦး နော်တာဒိမ်းဘုရားကျောင်းဖွင့်ပွဲအပြီး သီးခြားတွေ့ဆုံ



**ပဲရစ် ဒီဇင်ဘာ ၈**

ရွေးလထဲတွင် အမေရိကန်သမ္မတအဖြစ် အာဏာရလာမည့် ဒေါ်နယ်လ်ထရမ့်နှင့် ဗြိတိန်တော်ဝင်မိသားစုမှ ဝေလမင်းသား ဝီလျံတို့နှစ်ဦး ပြင်သစ်နိုင်ငံရှိ သမိုင်းဝင် နော်တာဒိမ်းဘုရားကျောင်းဖွင့်ပွဲအပြီး ဒီဇင်ဘာ ၇ ရက်က ပဲရစ်မြို့တော်တွင် သီးခြားတွေ့ဆုံခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော ၅ နှစ်ခန့်က မီးလောင်မှုကြောင့် အဆောက်အအုံအမိုးပိုင်း ထိခိုက်ပျက်စီးခဲ့သည့် ကမ္ဘာကျော် နော်တာဒိမ်းဘုရားကျောင်းကို ဗိသုကာ အကျော်အမော်များ၏ ပါဝင်ဖြည့်စွမ်းကူညီမှုဖြင့် ပြုပြင်တည်ဆောက်ပြီးစီးသွားသဖြင့် ပြင်သစ်သမ္မတ အီမန်နျူယယ်မာခရွန် ဦးဆောင်ပြီး ဖွင့်ပွဲကျင်းပရာ မိတ်ဖက်နိုင်ငံအသီးသီးမှခေါင်းဆောင်များ ကြွရောက်ချီးမြှင့်ခဲ့ကြသည်။

ထိုဘုရားကျောင်းဖွင့်ပွဲ အခမ်းအနားတွင် ဝေလမင်းသား ဝီလျံ၏ ပုခုံးကို ဒေါ်နယ်ထရမ့်က ခပ်ဖွဖွပုတ်ပြီးနောက် တရင်းတနှီး လက်ဆွဲနှုတ်ဆက်သည်။

၎င်းတို့နှစ်ဦး သီးခြားတွေ့ဆုံစဉ် အမေရိကန်နှင့် ဗြိတိန်နှစ်နိုင်ငံဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း တော်ဝင်မိသားစုက သတင်းထုတ်ပြန်သည်။

၂၀၁၉ ခုနှစ်တွင် ဒေါ်နယ်လ်ထရမ့် ဗြိတိန်နိုင်ငံသို့ အမေရိကန်သမ္မတအဖြစ် အလည်အပတ်သွားရောက်စဉ် မင်းသားဝီလျံနှင့် တွေ့ဆုံခဲ့ဖူးကြောင်း သိရသည်။

Mon



## ဂါနာသမ္မတရွေးကောက်ပွဲအတွက် ပေးသောမဲများကို မဲရုံအသီးသီးတွင် စတင်ရေတွက်နေပြီဟု ဆို

**အက်ကရာ ဒီဇင်ဘာ ၈**

ဂါနာသမ္မတရွေးကောက်ပွဲအတွက် ပေးသောမဲများကို တစ်နိုင်ငံလုံးရှိ မဲရုံအသီးသီးတွင် စတင်ရေတွက်နေပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အနောက်အာဖရိကဒေသရှိ ဂါနာနိုင်ငံတွင် ယင်းသမ္မတရွေးကောက်ပွဲအတွက် မဲဆန္ဒပေးခွင့်ရှိသူပေါင်း ၁၉ သန်းနီးပါး မဲပေးခဲ့ကြသည်။

ပါဝင်ယှဉ်ပြိုင်အရွေးခံကြသော သမ္မတလောင်းများအနက် အမျိုးသမီးတစ်ဦးသာ ပါဝင်ကြောင်း သိရသည်။

Mon

0-0-0-0-0



## လျှပ်စစ်ကားထုတ်လုပ်သော ဗင်းဖတ်စ်ကုမ္ပဏီ ဗီယက်နမ်နိုင်ငံ၌ ဒုတိယမြောက် စက်ရုံတည်မည်

**ဟနွိုင်း ဒီဇင်ဘာ ၈**

အမေရိကန်ဈေးကွက်ထဲအထိ ထိုးဖောက်လျက်ရှိသော ဗင်းဖတ်စ်လျှပ်စစ်ကားကုမ္ပဏီအနေဖြင့် ဗီယက်နမ်နိုင်ငံ၌ ဒုတိယမြောက် စက်ရုံတည်ဆောက်သွားမည်ဖြစ်သည်ဟု ဒီဇင်ဘာ ၈ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အငယ်စားနှင့် အလတ်စား အရွယ် လျှပ်စစ်ကားများကို တိုးမြှင့်ထုတ်လုပ်သွားရန်အတွက် ထိုဒုတိယမြောက် လျှပ်စစ်ကားစက်ရုံတည်ဆောက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း ဗင်းဖတ်စ်ကုမ္ပဏီ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

"အပြည်ပြည်ဆိုင်ရာ လျှပ်စစ်ကားဈေးကွက်မှာ ဝယ်လိုအား အလျင်အမြန်မြင့်တက်နေလို့ ကျွန်တော်တို့အနေနဲ့ နောက်ထပ် လျှပ်စစ်ကားစက်ရုံ ထပ်ပြီးတည်ဆောက်ရတဲ့သဘောဖြစ်ပါတယ်" ဟု ဗင်းဖတ်စ်ကုမ္ပဏီ၏ မိခင်လုပ်ငန်းစုဖြစ်သော ဗင်းကုမ္ပဏီအုပ်စု ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ငုယင်ဗီယက်ကောင်းက ရှင်းလင်းပြောကြားသည်။

အဆိုပါဒုတိယစက်ရုံ ပြီးစီးပါက တစ်နှစ်လျှင် လျှပ်စစ်ကားအစီးရေ ၃၀၀၀၀၀ ထုတ်လုပ်ရန် မျှော်မှန်းထားကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## တောင်ကိုရီးယားသမ္မတ ယွန်း နုတ်ထွက်ပေးရန် အာဏာရပါတီခေါင်းဆောင် ဟန်ဒုန်ဟွန်း တောင်းဆို

**ဆိုးလ် ဒီဇင်ဘာ ၈**

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် ရာထူးမှ နုတ်ထွက်ပေးရန် ဒီဇင်ဘာ ၇ ရက်က အာဏာရပါတီခေါင်းဆောင် ဟန်ဒုန်ဟွန်း ထပ်လောင်းတောင်းဆိုလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါလီမန်၌ သမ္မတ ယွန်းကို စွပ်စွဲပြစ်တင်ရန် မဲခွဲဆုံးဖြတ်ရာတွင် အာဏာရပြည်သူ့အာဏာပါတီကိုယ်စားပြု အမတ်အများစုက ကန့်ကွက်ခဲ့ရာမှ လမ်းပေါ်တက်ပြီး စုဝေးတောင်းဆိုနေကြသူများ ဖြစ်စေချင်သလိုဖြစ်မလာဘဲ လွဲချော်ခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ စစ်အုပ်ချုပ်ရေး ကြေညာခဲ့သော ယွန်းတွင် အပြစ်မကင်းသဖြင့် အနေးနှင့် အမြန် နုတ်ထွက်ရမည်ဖြစ်ကြောင်း ဟန်ဒုန်ဟွန်းက အလေးအနက် ပြောကြားသည်။

စင်စစ်တွင်မူ တောင်ကိုရီးယားဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတကို ပြစ်တင်စွပ်စွဲပြီးမှသာ နုတ်ထွက်စေရမည်ဖြစ်ကြောင်း သိရသည်။

Mon





## နိုင်ဂျာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးကျင့်သုံးပြီးနောက် ပြင်သစ်နိုင်ငံကို ယူရေနီယံတူးဖော်ခွင့် ပိတ်ပင်ဖွယ်ရှိ

**နီယာမေး ဒီဇင်ဘာ ၈**

နိုင်ဂျာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးကျင့်သုံးပြီးနောက် ပြင်သစ်နိုင်ငံကို ယူရေနီယံတူးဖော်ခွင့် ပိတ်ပင်ဖွယ်ရှိသည်ဟု ထင်မြင်ယူဆနေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်လိုလားသော သမ္မတဖြုတ်ချခံရပြီးနောက် လက်ရှိစစ်အုပ်ချုပ်ရေးကျင့်သုံးနေသော နိုင်ဂျာနိုင်ငံသည် ၂၀၂၂ ခုနှစ်က ဥရောပတစ်ဝန်းရှိ နျူကလီးယားဓာတ်အားပေးစက်ရုံများအတွက် ယူရေနီယံ အလုံအလောက်ရောင်းပေးနိုင်ခဲ့သည်။

နောက်ပိုင်းတွင်မူ နိုင်ဂျာနိုင်ငံက ယူရေနီယမ်များကို အီရန်သို့ တိုးမြှင့်ရောင်းချဖွယ်ရှိလာနိုင်ကြောင်း သိရသည်။

Mon

0-0-0-0-0

STOP AIDS

လူငါးဦး သေဆုံးစေခဲ့သော နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့ တစ်နေရာ၌ ယမန်နေ့ညက ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့သော နေရာကို တွေ့ရစဉ်။

Mon



## ဗြိတိန်နိုင်ငံအတွင်းသို့ ဒါရတ်မုန်တိုင်းဝင်ရောက်လာ၊ သစ်ပင်များလဲကျ၊ အများသုံးလျှပ်စစ်မီးပြတ်တောက်

**လန်ဒန် ဒီဇင်ဘာ ၈**

ဒါရတ်ဟု အမည်ရသော မုန်တိုင်း ဒီဇင်ဘာ ၆ ရက်ညပိုင်းက ဗြိတိန်နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ရာ လေပြင်းများကြောင့် သစ်ပင်များလဲကျပြီး အများသုံးလျှပ်စစ်ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါမုန်တိုင်းသည် ဗြိတိန် မုန်တိုင်းရာသီအတွင်း စတုတ္ထမြောက် တိုက်ခတ်ခဲ့သည့် မုန်တိုင်းဖြစ်ကြောင်း မိုးလေဝသဌာနက အတည်ပြုသည်။

လေပြင်းများအပြင် မိုးလည်းသည်းထန်စွာရွာသွန်းခဲ့သဖြင့် တစ်နိုင်ငံလုံးရှိ နေရာဒေသ ၁၀၀ ကျော်တွင် ရေကြီးနိုင်ကြောင်း မိုးလေဝသဌာနက ကြိုတင်သတိပေးထားသည်။

ယင်းမုန်တိုင်း၏ လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၅၀ ကီလိုမီတာအထိ ပြင်းထန်ခဲ့ပြီး အင်္ဂလန်ကျွန်းအနောက်မြောက်ဘက်ရှိ လန်ကတ်ရှိုင်းယားနယ်တွင် လဲကျသောသစ်ပင်ပိသဖြင့် လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

Mon



# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Gorre Puranam မှာ သိုးကလေးရမ်အကြောင်း ရိုက်ကူးထား

ထူးထူးခြားခြား အိန္ဒိယ တောင်ပိုင်း တလေဂူးလ်ရုပ်ရှင်အဖြစ်၂၀၂၄ ခုနှစ်တွင် ထွက်ရှိလာသောGorre Puranam မှာ သိုးကလေးရမ်အကြောင်းဖြစ်သည် ဟု ဘောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။

သိုးတစ်ကောင်ထောင်ကျရခြင်းအကြောင်းနှင့် ထူးခြားစွာ စတင်ထားသော အဆိုပါရုပ်ရှင်တွင် သိုးကလေးရမ် အမည်ရှိ သိုးလေးက ခွေးတစ်ကောင်သေ၍ သတင်းစာတွင်ပါလာ၍ နာမည်ကြီးသည့်ကိစ္စအတွက် တီဗီတွင် ပါဝင်အောင်လုပ်မည်ဟု စိတ်ကြီးဝင်သွားခဲ့သည်။




စာကျက်တွင် အစာစားရင်း တောင်ကုန်းပေါ်မှ လုပသောနေရာသို့ ငေးမောနေချိန် ယစ်ပူဇော်ရန် သိုးဝယ်လာသူများနှင့် ပါသွားခဲ့ပြီး လွတ်မြောက်ရန် ကြိုးစားခဲ့ရာမှ သိုးတစ်ကောင်ထောင် ကျခဲ့ ရသောအဖြစ် ကို ပရိသတ်စိတ်ဝင်တစား အားပေးထားကြသည်။ **SKY**

## Dillireba Demuruk ကို ဂျပန်ကုန်အမှတ်တံဆိပ် Mikamoto ၏ သံတမန်အဖြစ် ခန့်အပ်

တရုတ်ထိပ်တန်း အနုပညာရှင်စာရင်းဝင် ဒီလီရီဘာဒီမူရတ်ကို ဂျပန်ကုန်အမှတ်တံဆိပ် Mik-amoto ၏ သံအမတ်အဖြစ် ခန့်အပ်ခဲ့သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



ဒီလီရီဘာဒီမူရတ်သည် အနုပညာနယ်ပယ်တွင် အောင်မြင်မှုရရှိရုံသာမက ကုန်အမှတ်တံဆိပ်များစွာနှင့်လည်း လက်တွဲထားသူဖြစ်ပြီး ဂျပန်ကုန်အမှတ်တံဆိပ်များစွာနှင့်လည်း လက်တွဲထားသူဖြစ်ပြီး ဂျပန်ကုန်အမှတ်တံဆိပ် Mikamoto နှင့်အတူ Sony Audio ကလည်း သံတမန်ခန့်အပ်ခြင်းကို တစ်ပြိုင်နက်ခံရသူ ဖြစ်သည်။

ဗစ်တိုးရီယားဆောင်က Jim-my Choo ၏ ပထမဆုံး အာရှတိုက်အတွက် သံတမန်ခန့်အပ်ခံရပြီး၊ တီအက်ဖ်ဘွိုင်မှ ကယ်ရီဝေါင်(ခေါ်)ဝမ်ဂျွန်ကိန်က Pur-cotton ၏ သံတမန်ဒါလန်ဝေါင်က Stenders အတွက် သံတမန်နှင့် ဂူရှန်ကန်က Foreo ၏ သံတမန်အဖြစ် အသီးသီးခန့်အပ်ခံခဲ့ကြရသည်။

**SKY**

## EXID မှ Hani က မှားယွင်းသောကုမ္ပဏီကို ရွေးချယ်ခဲ့

ကေပေါ့ပ်အဖွဲ့ အီးအိပ်စ်အိုင်ဒီမှ ဟာနီသည်ချောမော၍ ပရိသတ်အချစ်ကိုရရှိခဲ့သော်လည်း ကုမ္ပဏီရွေးချယ်မှု မှားယွင်းခဲ့၍ အနုပညာလောကမှ ပျောက်ကွယ်လုနီးပါးဖြစ်ခဲ့ရသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟာနီသည် လုပပြီးကြံ့ခိုင်သည့် ကိုယ်ရည်ကိုယ်သွေးရှိသူဖြစ်၍ ထူးခြားစွာ ဂီတပွဲတိုင်းနာမည်ကျော်ခဲ့သော်လည်း ဂျေပိုင်ပီအင်တာတိန်းမင့်သို့ဝင်ရန် အခွင့်အရေးမရရှိခဲ့သဖြင့် အင်တာနက်သုံးသူများက မှားယွင်းသောကုမ္ပဏီကို ရွေးချယ်ခဲ့၍ဟု သတ်မှတ်ခဲ့ကြသည်။

မိုမိုလန်းမှနမ်စီမှာလည်း ဆွဲဆောင်အားပြင်းသော အလှပိုင်ရှင်ဖြစ်ပြီး သူ၏အေဂျင်စီမှာ သေးငယ်၍ အခွင့်အလမ်းများစွာ မရခဲ့သော သွေးနှောသူလေးဖြစ်သည်။

ဘလက်ပင့်ခ်မှဂျီဆိုး၊ ရက်ဒ်ဗဲလင့်မှ ဆောဂီတို့လည်း ကုမ္ပဏီရွေးချယ်မှု မှားယွင်းခဲ့ကြသူများဖြစ်ကြသည်။ **SKY**



## ဗီတာမင်ဒီအားဖြည့်ဆေးဝါးပုံမှန်သောက်သူများ ဆီးချိုအမျိုးအစား ၂ ရောဂါကင်းဝေးဖွယ်ရှိ



ဗီတာမင်ဒီ အားဖြည့်ဆေးဝါးပုံမှန်သောက်သူများ ဆီးချိုအမျိုးအစား ၂ ရောဂါကင်းဝေးဖွယ်ရှိသည်ဟု ဖင်လန်နိုင်ငံမှ သိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဖင်လန်အရှေ့ပိုင်း အရှေ့ပိုင်း တက္ကသိုလ်မှ ပညာရှင်များသည် ၂၀၁၂ခု နှစ်နှင့် ၂၀၁၈ ခုနှစ် အကြား အသက် ၆၀အရွယ် အမျိုးသားများနှင့် အသက် ၆၅ နှစ်အရွယ် အမျိုးသမီးများ၏ ဗီတာမင်ဒီဓာတ်ပြည့်ဝမှု အကျိုးအာနိသင်အကြောင်း စူးစမ်းလေ့လာခဲ့ရာမှ ယင်းကဲ့သို့တွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ယင်းသုတေသနတွင် ပါဝင်အစမ်းသပ်ခံသော အဆိုပါအမျိုးသား၊ အမျိုးသမီးများကို အုပ်စုများခွဲ၍ နေ့စဉ် ဗီတာမင်ဒီဓာတ်ပြည့်ဝမှုအခြေအနေနှင့် ဆီးချိုအတက်အကျကို စောင့်ကြည့်မှတ်တမ်းတင်လေ့လာခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။ **SCI**

## Tara မှ Jiyeon အချစ်ရေးတွင် ကံမကောင်းသူ ဖြစ်

ကေပေါ့ပ်ဂီတအဖွဲ့တီအာရာမှ ဂျီယွန်သည်အချစ်ရေးတွင် ကံမကောင်းသူဖြစ်ကြောင်း အတိတ်ကချစ်သူကြောင့် စိတ်ဒဏ်ရာပါရရှိခဲ့သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



တီအာရာမှ ဂျီယွန်သည် ပွဲဦးထွက်ချိန်ဆယ်ကျော်သက်နှင့် မီဒီယာတစ်ခွင်ကို လွှမ်းမိုးနိုင်ခဲ့သော်လည်း အချစ်ရေးတွင် ကံခေခဲ့သည်။

ဘေ့စ်ဘောကစားသမားနှင့် အိမ်ထောင်မကျမီက သူ့ထက် ၁၃ နှစ်ကြီးသည့် မင်းသားလီဒေါင်ဂန်းနှင့် Encounter တွင် ပါဝင်ရင်းချစ်သူဖြစ်ခဲ့ကာ သုံးနှစ်ကြာလက်တွဲ၍ လမ်းခွဲပြီးသုံးလအကြာ ချစ်သူသစ်စွာဖောက်ခံလိုက်ရသည်။

ခင်ပွန်းသည် ဘေ့စ်ဘောကစားသမားနှင့် လက်ထပ်ခဲ့ပြီးနောက်တွင်လည်း အိမ်ထောင်ရေးဖောက်ပြန်မှုနှင့်ကြုံခဲ့ရပြီး ဂျီယွန်မှာ အချစ်ရေးတွင် ကံမကောင်းသူဖြစ်ခဲ့ရသည်။ **SKY**

## JoIn Sung က Gilbeot ပွဲသို့ တက်ရောက်လာ




ကိုရီးယားနာမည်ကြီးစာရေးဆရာမ ဒိုဟီကွမ်၏ ဖိတ်ကြားချက်အရ Monk Beopr-yun's Lecture Gilbeot ဟုခေါ်သည့် အသံလွှင့်သရုပ်ဆောင်ခြင်း၊ ရုပ်ရှင်၊ ပြဇာတ်နှင့် အနုပညာရှင်များစုဝေးသည့်ပွဲသို့ မင်းသားဂျိုအင်ဆောင်လည်း တက်ရောက်ခဲ့ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဇာတ်ညွှန်းရေးဆရာမ၊ ဒါရိုက်တာ နိုဟီကွမ်နှင့်အတူ မင်းသမီးဆောင်းဟေကို၊ လီဟာန်နီ၊ ဂျိုအင်ဆောင်းတို့ အပါအဝင် အနုပညာရှင်များစွာ တက်ရောက်အားပေးခဲ့ကြသည်။

ဂျိုအင်ဆောင်းသည် အနုပညာစွမ်းရည်ပြည့်ဝရုံသာမက ဖက်ရှင်စတိုင်ကျန၍ ပရိသတ်အားပေးမှုရရှိထားရာ ယင်းပွဲတော်တွင် ဆောင်းဟေကိုနှင့် အတူတွေ့ရ၍ စာရေးဆရာမဒိုဟီကွမ်၏ ဇာတ်ကားသစ်တွင် ပါဝင်လိမ့်မည်ဟု ပရိသတ်ထင်ကြေးပေးနေကြသည်။

**SKY**

## Vincent Chiao ကို Kennyho နေရာအစားထိုး ရိုက်ကူးထား

အနုပညာရှင် ဗစ်ဆန်ချောင်ကို ကယ်ရီဟို(ခေါ်)ကျန်ကျောင်း၏နေရာတွင် အစားထိုးရိုက်ကူးထားသော်လည်း ပရိသတ်များလက်ခံမှုမရရှိခဲ့ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဗစ်ဆန်ချောင်ကို ၁၉၉၄ ခုနှစ်တွင် ဒုတိယကျန်ကျောင်းနေရာအစားထိုးရိုက်ကူးခဲ့သော်လည်း ပရိသတ်များက မူလပထမကျန်ကျောင်း(ခေါ်)ကယ်ရီဟိုကိုသာ အားပေးထားကြသည်။

ဗစ်ဆန်ချောင်ကို အခြားဇာတ်ရုပ်နှင့် အားပေးထားကြရာသူရိုက်ကူးသော ဇာတ်ကားတိုင်းတွင် မချောသုံးယောက် ပါဝင်လေ့ရှိပြီး၊ မရဏကျောက်ကွင်းတွင် မင်းသမီး သုံးဦးလုံးနှင့် တစ်ပြိုင်နက် မင်္ဂလာဆောင်ထားသည်ကို တွေ့ကြရသည်။

နာမည်ကြီး ကျန်ကျောင်းဇာတ်ရုပ်ကို သရုပ်ဆောင်ထားသည့် ကယ်ရီဟိုနှင့် ဗစ်ဆန်ချောင်တို့ ရှားရှားပါးပါး နှစ်ယောက်တွဲသရုပ်ဆောင်ထားသော လောဘနိဂုံးအပိုင်းတွင် အက်ရှင်ခန်းများပိုင်နိုင်၍ ပရိသတ်နှစ်ဦးစလုံးကို သဘောကျခဲ့ကြသည်။ **SKY**



## အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေး (Women Self-Defance) ကိုယ်လုံပညာသင်တန်းဆင်းပွဲ ကျင်းပ



**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် အမျိုးသမီးရေးအဖွဲ့နှင့် ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေး(Women Self- Defance) ကိုယ်လုံပညာသိုင်းသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အားကစားခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါသင်တန်းကို အမျိုးသမီးများ အကြမ်းဖက်မှုကာကွယ်ရေး(Women Self- Defance) အတွက် ရည်ရွယ်၍ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ ဦးဆောင်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး ကျောက်ပန်းတောင်းမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူလေးများ စုစုပေါင်း ၅၀ ဦး တက်ရောက်ခဲ့ကြသည်။ သင်တန်းကာလမှာ နိုဝင်ဘာ ၂၆ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ၁၁ ရက်တာ ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာ့သိုင်းအခြေခံများကို နည်းပြဆရာမ ဒေါ်စောမြတ်ဝင်းက သင်ကြားပြသပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် သင်တန်းဆင်းပွဲတွင် ညောင်ဦးခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာ တာဝန်ရှိသူများက သင်တန်းနည်းပြဆရာမအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြပြီး သင်တန်းသူများအား မုန့်နှင့် အချိုရည်များ ဧည့်ခံကျွေးမွေးခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းနှင်းဝေနှင့် အဖွဲ့ဝင်များ၊ ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းစနစ်မှူး ဒေါ်ဝင်းမင်းသန်း၊ အုပ်ချုပ်သူဆရာမများ၊ သင်တန်းနည်းပြဆရာမနှင့် သင်တန်းသူများ၊ မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၅၆)

## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဒသမအကြိမ် ထုတ်ချေး



**ပွင့်ဖြူ ဒီဇင်ဘာ ၈**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထူးကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးပေးခြင်းကို ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်လှကြူနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း အကျိုးကျေးဇူးများနှင့် လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်း၊စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယားပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၆ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ထူးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၂ ဦးကို ငွေကျပ် ၂၈ ဒသမ ၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅၈ ဦးကို ငွေကျပ် ၂၆ ဒသမ ၇၅ သန်း၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅ ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၅ ဦးကို ငွေကျပ် ၅၆ ဒသမ ၆၅ သန်းအား ထုတ်ချေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၄၅)

## ဒီဇင်ဘာလ ကျောင်းတွင်း အားကစားပြိုင်ပွဲ ကျင်းပ



**ကွန်ဟိန်း ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာလကျောင်းတွင်း အားကစားပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အဆိုပါကျောင်းရှေ့ စဝ်စံထွန်းလမ်းနှင့် တပ်နယ်ဘောလုံးအားကစားကွင်းတို့တွင် ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းက ကျောင်းသား၊ကျောင်းသူများ ဉာဏ်ပညာထက်မြက်စေရန်၊ ကိုယ်ကာယကြံ့ခိုင်မှုရှိစေရန်၊ ပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်လိုစိတ်ရှိရန်နှင့် ကျန်းမာသန်စွမ်းစေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးရခြင်းဖြစ်သည်။

ပြိုင်ပွဲများမှာ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အိတ်စွပ်ပြိုင်ပွဲ၊ အပြေးပြိုင်ပွဲ၊ အပ်နဖားထိုးပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲနှင့် အမြင့်ခုန်ပြိုင်ပွဲများ ကျင်းပခဲ့ပြီး ကျောင်းသား၊ကျောင်းသူများ ပျော်ရွှင်စွာ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

(အပေါ်ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

စိမ်းလန်းလှပစေဖို့
သန့်ရှင်းသော
ကမ္ဘာမြေကို
စောင့်ရှောက်စို့ ။

## မြေအောက်ရေဖြင့် သင်္ဘောပင် စိုက်ပျိုး

**မကွေး ဒီဇင်ဘာ ၈**

အညာဒေသတွင် မြေအောက်အဝီစိရေဖြင့် သင်္ဘောပင်ကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာ သင်္ဘောသီးစိမ်းကို သင်္ဘောသီးထောင်းအဖြစ် စားသောက်ဆိုင်များနှင့် တွန်းလှည်းဖြင့် ရောင်းသော ဈေးသည်များက အသုံးပြုခြင်း၊သင်္ဘောသီးမှည့် ဈေးကောင်းလာခြင်း ယခင်ကထက်ဈေးကွက်ဝင်နေသောကြောင့် တွက်ချေကိုက်နေကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်ရှိ ဒေသခံအချို့ထံက သိရသည်။

စိုက်ပျိုးရာတွင် မြေအောက်အဝီစိရေကို အဓိကထားပြီး ရေပေးရေသွင်းကာ စိုက်ပျိုးကြပြီး ထွက်ရှိသော သင်္ဘောသီးစိမ်းကို ကုန်စိမ်းရောင်းသည့် ဈေးသည်များကိုလည်းကောင်း၊ သင်္ဘောသီးစိမ်းဖြင့်ပြုလုပ်သော သင်္ဘောသီးထောင်းနှင့် သင်္ဘောသီးသုပ်ဆိုင်များကိုလည်းကောင်း၊ သင်္ဘောသီးမှည့်ကို သစ်သီးဆိုင်များသို့ ရောင်းချလျက်ရှိကြောင်း ရေနံချောင်းမြို့နယ်ရှိ စိုက်ပျိုးသူ အမျိုးသားတစ်ဦးထံက သိရသည်။

ယခုတစ်ပတ်တွင် သင်္ဘောသီးအစိမ်းတစ်လုံးလျှင် ငွေကျပ် ၇၀၀ ကနေ ၁၀၀၀၊ သင်္ဘောသီးအမှည့်တစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ကနေ ၁၈၀၀ အတွင်း ရောင်းချရကြောင်း သိရသည်။



(ဝဲပုံ)

(၄၇၂)

## လမ်းဘေးဝဲယာ တစ်လျှောက်တွင် မြို့သန့်ရှင်းသာယာ လှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**မြစ်သား ဒီဇင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ရေဝန်း-မြင်းခြံလမ်းမကြီး၏ လမ်းဘေးဝဲယာတစ်လျှောက်တွင် မြို့သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီက သန့်ရှင်းရေး ပြုလုပ်ခဲ့သည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့မရဲစခန်းမှုရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များက ရေဝန်း-မြင်းခြံလမ်းမကြီး၏ လမ်းဘေးဝဲယာတစ်လျှောက်ရှိ ချုံနွယ်များ၊ မြက်ပင်၊ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များရှင်းလင်းခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ပြုလုပ်ဆောင်ရွက်ခဲ့ကြပြီး ထွက်ရှိလာသောအမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျ စွန့်ပစ်ခဲ့ကြပြီး စုပေါင်းသန့်ရှင်းရေး ပြုလုပ်ရာတွင် စုစုပေါင်းအင်အား ၁၅၀ ဦးခန့် ပြုလုပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**ဝင်းမင်းထွန်း(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် (၂၀၂၄) ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများတွင် ပါဝင်ချီတက်မည့် ဝန်ထမ်းများ၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားသမားများ တွေ့ဆုံမှာကြား

နေပြည်တော် ဒီဇင်ဘာ ၈

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများတွင် ပါဝင်ချီတက်ကြမည့် ကျန်းမာရေးဝန်ထမ်းများ၊ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်မည့် ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စားပြုအားကစားသမားများ၊ အုပ်ချုပ်သူများ၊ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့်သူများကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ရင်းရင်းနှီးနှီးနွေးထွေးစွာ တွေ့ဆုံ ဆက်ဆံ၍ ... 



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများတွင် စနစ်တကျ ပျော်ရွှင်စွာ ပါဝင်ဆောင်ရွက်ရေး၊ ပြိုင်ပွဲဝင်အားကစားသမားများ အားလုံး ကျန်းမာရေးကောင်းမွန်စေရန် အစားအသောက်/အနေအထိုင် အထူးဂရုပြုဆောင်ရွက်ရေး၊ အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ယှဉ်ပြိုင်နိုင်ရေး၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိသည့်အခွင့်အရေးမှ အတွေ့အကြုံကောင်းများရယူရေး မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားအားကစားပွဲတော် ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားသမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌ အသုံးပြုသည့် လူနာတင်ယာဉ်များတွင် ထိခိုက်ဒဏ်ရာလူနာများအတွက် အရေးပေါ်အသက်ကယ်ဆေးနှင့် ဆေးပစ္စည်းများ ဖြည့်ဆည်းထားရှိမှုနှင့် စနစ်တကျအသုံးပြုနိုင်ရေး စီစဉ်ထားရှိမှု၊ အောက်ဆီဂျင်၊ အသက်ရှူကိရိယာ၊ လူနာအခြေအနေအလိုက် သယ်ယူပို့ဆောင်ပစ္စည်း အမျိုးမျိုး၊ အလွယ်တကူ သယ်ဆောင်နိုင်သည့် ဆေးအိတ်များကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်နှင့်အညီ လွယ်လင့်တကူ အသုံးပြုနိုင်ရေး စီစဉ်ထားရှိရန် မှာကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေး ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ရေကောင်းရေသန့်သုံးစွဲရေးနှင့် အစားအစာကြီးကြပ်မှုလုပ်ငန်းအဖွဲ့၊ ကူးစက်ရောဂါနှိမ်နင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ အလေးထားဆောင်ရွက်လျက်ရှိပြီး အားကစားနည်းအမျိုးအစားများအလိုက် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ ဆေးအဖွဲ့ ၃၈ ဖွဲ့၊ ကျန်းမာရေးဝန်ထမ်း ၂၅၀ ကျော်တို့က အားကစားပြိုင်ပွဲများ အပါအဝင် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနား၊ ဖျော်ဖြေရေးအဖွဲ့များကိုလည်း ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ ထို့ပြင် ရွာတော်တည်းခိုရေးစခန်းတွင်လည်း ၂၄ နာရီ ဆေးခန်းဖွင့်လှစ်ထားရှိကာ ဆေးပညာ၊ အရိုးနှင့် အကြောအဆစ်အထူးကုဆေးခန်းအချိန်ပိုင်းဖွင့်လှစ်ထားရှိပြီး သက်ဆိုင်ရာအထူးကုဆရာဝန်များဦးဆောင်၍ လာရောက်ပြသသည့်လူနာများကို ကြည့်ရှုကုသစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိသည့်အပြင် တိုင်းရင်းဆေးခန်းလည်း ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည်။ စည်ပင်ရိပ်သာနှင့် အားကစားရွာ (Gold Camp) တို့တွင်လည်း ၂၄ နာရီ ဆေးခန်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လယ်ဝေးသင်တန်းကျောင်း၌ တည်းခိုနေထိုင်ကြသော မသန်စွမ်းအားကစားသမားများအတွက် ၂၄ နာရီဆေးခန်းဖွင့်လှစ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် မသန်စွမ်းအားကစားပြိုင်ပွဲများ ကျင်းပပြီးစီး ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၏ မသန်စွမ်းအားကစားပြိုင်ပွဲများတွင် အားကစားနည်း လေးမျိုးဖြစ်သော ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်စစ်တုရင်၊ ထိုင်လျက် ဘော်လီဘောအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၅ ရက်မှ စတင်ကျင်းပခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ပြိုင်ပွဲများ ပြီးဆုံးခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ရွှေတံဆိပ် ၁၃ ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခု၊ ပဲခူးတိုင်းဒေသကြီးအသင်းမှ ရွှေတံဆိပ်ဆု ၁၂ ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ကိုးခု၊ ရန်ကုန်တိုင်းဒေသကြီးအသင်းမှ ရွှေတံဆိပ် ရှစ်ခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ကိုးခု၊ မွန်ပြည်နယ်အသင်းမှ ရွှေတံဆိပ် ခုနစ်ခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ၁၂ ခု၊ မန္တလေးတိုင်းဒေသကြီးအသင်းမှ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ငါးခု၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းမှ ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ခုနစ်ခု၊ ကြေးတံဆိပ် ခုနစ်ခု အသီးသီးဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၂၃ မျိုးဖြင့် ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၈ ရက် ပွဲစဉ်များပြီးဆုံးချိန်တွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများ၏ ဆုတံဆိပ်ရရှိမှုမှာ အောက်ပါအတိုင်းဖြစ်သည်။ သတင်းစဉ်

| စဉ် | ပြည်နယ်/တိုင်း | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁ | ရန်ကုန် | ၃ | ၁ | ၂ | ၆ |
| ၂ | ရှမ်း | ၁ | ၃ | - | ၄ |
| ၃ | တနင်္သာရီ | ၁ | ၂ | - | ၃ |
| ၄ | နေပြည်တော် | ၁ | ၁ | ၁ | ၃ |
| ၅ | မန္တလေး | ၁ | - | ၅ | ၆ |
| ၆ | မွန် | ၁ | - | - | ၁ |
| ၇ | စစ်ကိုင်း | ၁ | - | - | ၁ |
| ၈ | ကရင် | - | ၁ | - | ၁ |
| ၉ | ရခိုင် | - | ၁ | - | ၁ |
| ၁၀ | ပဲခူး | - | - | ၃ | ၃ |
| ၁၁ | ကချင် | - | - | ၁ | ၁ |
| | စုစုပေါင်း | ၉ | ၉ | ၁၂ | ၃၀ |

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၈

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက် ညနေ ၅နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ခမ်းနားထည်ဝါစွာနှင့် အနှစ်သာရရှိစွာဖြင့် စီစဉ်ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနား မစတင်မီ ဖျော်ဖြေတင်ဆက်ကြမည့် နာမည်ကျော်အနုပညာရှင်များနှင့် တေးသံရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများအပါအဝင် ဖွင့်ပွဲအခမ်းအနား ကျင်းပပုံများကို မိဘပြည်သူများ တိုက်ရိုက်ကြည့်ရှုနိုင်ရန်အတွက် ယင်းနေ့ ညနေ ၃ နာရီ မိနစ် ၃၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ရုပ်သံလိုင်းများဖြစ်သော MRTV – HD၊ MRTV Sports ၊ MRTV Parliament ၊ MRTV Farmers' ၊ MWD HD Channel ၊ MWD Variety HD Channel နှင့် အကျိုးတူ ရုပ်သံလိုင်းများဖြစ်သော Channel 7၊ 5 plus၊ Sports 2၊ MNTV၊ M Channel နှင့် မြန်မာ့အသံ ရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဉ္စဝတီ၊ ရွှေ ပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star ၊ သဇင် တို့မှလည်းကောင်း၊ MOI Website ၊ MOI Youtube MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှ တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် Channel K ၊ Fortune နှင့် YTV တို့မှလည်း Delay ဖြင့် ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

## နော်တင်ဟမ်ဖောရက်စ်အသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်သွင်းဂိုးအများဆုံးကစားသမားအဖြစ် ခရစ္စဝုဒ်မှတ်တမ်းဝင်

လန်ဒန် ဒီဇင်ဘာ ၈

နော်တင်ဟမ်ဖောရက်စ် အသင်း အဓိက တိုက်စစ်မှူး ခရစ္စဝုဒ်(သွင်းဂိုး ၂၅ ဂိုး)သည် အသင်း သမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်သွင်းဂိုး အများဆုံး ကစားသမားအဖြစ် စံချိန်မှတ်တမ်းဝင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် နော်တင်ဟမ်ဖောရက်စ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား သုံးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန်သွင်းဂိုးတစ်ဂိုးသွင်းယူပေးပြီးနောက် ယခုလိုမှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။




တိုက်စစ်မှူး ခရစ္စဝုဒ်သည် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပရီးမီးယားလိဂ်ပွဲစဉ် ၅၂ ပွဲကစားပြီး သွင်းဂိုး ၂၅ ဂိုးသွင်းယူကာ ယခုလို မှတ်တမ်းတစ်ရပ်အား ပိုင်ဆိုင်နိုင်ခြင်း ဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ခရစ္စဝုဒ်က " ကျွန်တော် အခုလို စံချိန်မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အခုလို မှတ်တမ်းကောင်းတစ်ရပ် ပိုင်ဆိုင်တာကလည်း အသင်းဖော်တွေရဲ့ ပံ့ပိုးကူညီမှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလို စံချိန်မှတ်တမ်းတွေ ဆက်လက်ပိုင်ဆိုင်နိုင်ဖို့ ကြိုးစားသွားမှာပါ"ဟု ပြောသည်။ (NGB)

## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

နေပြည်တော် ဒီဇင်ဘာ ၈

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အီကွေတာအနီး အိန္ဒိယသမုဒ္ဒရာအရှေ့ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ကာ ၁၁-၁၂-၂၀၂၄ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (သီရိလင်္ကာနိုင်ငံကမ်းလွန်-အိန္ဒိယနိုင်ငံ၊ တမီးလ်နာဒူးကမ်းခြေ)သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။ မိုး/ဇလ

